


# မိုးကုတ်ပိဋကတ်တိုက်ကျောင်းတော်

## အလှူရေစက်ချအခမ်းအနား

## အထိမ်းအမှတ်

၁-၁-၂၀၀၅

မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော

# သေမင်းကိုမကြောက်ပါနဲ့

## အဘိဘူရဟာန္တာ

(၂၅၈)

ဟောကြားသည့်နေ့

၇-၁၂-၆၀

0200



THITSARPARAMI
Date

## အဂ္ဂမဟာပဏ္ဍိတ
## မိုးကုတ်ဆရာတော်ဘုရားကြီးအပေါ်
## ကျေးဇူးရှင်မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီး၏
## သဘောထားမှတ်ချက်

၁။ ကောဇာသက္ကရာဇ် ၁၃၃၇ ခု၊ တပေါင်းလပြည့်ကျော် (၁)ရက်နေ့ (၁၉၆၇ ခု၊ မတ်လ)ညတွင် ရန်ကုန်မြို့သာသနာ့ ရိပ်သာ ဖန်ယဉ်ဓမ္မာရုံကြီး၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ်ကျေးဇူးရှင် တိပိဋကဓရဓမ္မဘဏ္ဍာ ဂါရိက မင်းကွန်းဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါသည်။

မန္တလေးမှာ ဘုန်းကြီးများနဲ့ ရင်းနှီးတဲ့ ဒကာတစ်ယောက် နဲ့ စကားပြောကြတဲ့အခါကျတော့ - ဆရာတော်တဲ့၊ တပည့် တော် တရားပွဲစုံစုံရောက်ဖူးတယ်တဲ့၊ ပြောစမ်းပါဗျာ ဘယ် တရားပွဲတွေလဲ?။

ဟာ . . . ဆရာကြီး ဦးလှသိန်းတရားပွဲကိုလည်း ရောက်တယ်၊ ဘာတွေတွေ့သတုံးဗျာ . . . ? ဟာ . . . ပရိသတ်ကတော့၊ ပြ(၄)ပြလောက် ပရိသတ်ကိုတွေ့တယ် ပြီးတော့ကောဗျာ . . . ?

ပြီးတော့ ဝိဇ္ဇောဒရဆရာတော်တို့ အနီးစခန်း ဆရာတော်တို့ တရားပွဲတွေ တပည့်တော်ရောက်တယ်၊ အဲ့ဒီကျ တော့ မဏ္ဍပ်တစ်လုံးပဲ၊ မဏ္ဍပ်လျှံရုံပဲရှိတယ်။ ပြီးတော့ ကောဗျာ . . . ?

အဲဒီတုန်းကတော့၊ မိုးကုတ်ဆရာတော်က မန္တလေးမှာ စခါစရှိသေးတယ်၊ မိုးကုတ်ဆရာတော်ရဲ့ တရားပွဲကို အောင်တော်မူမှာတပည့်တော်သွားပြီး တရားနာတယ်ဘုရားတဲ့၊ (၁၅)ယောက်၊ အယောက်(၂၀)လောက်ပဲရှိတယ်။

ပြီးတော့ကော ကိုခင်မောင်လို့ ဆိုတော့၊ တပည့်တော် အဲ့ဒီလောက်ပဲ ရောက်ဖူးတယ်တဲ့၊ ပြီးပြီလား . . . ?၊ ပြီးပါပြီ ဘုရားတဲ့။

အေး. . . ကောင်းပြီ၊ ဆရာကြီးဦးလှသိန်းက တရားဟော လိုက်တယ်ဆိုရင် ပရိသတ်ရဲ့ အကဲကိုတယ်ပြီးသိတာကိုး၊ ဒီပရိသတ်ခြောက်သွေ့နေတယ်ဆိုရင်၊ ဒီကနေပြီးတော့ ခမ္မသံဝေဂ လေးချိုးကြီးများ ရွတ်ပြီးတော့ ပေးလိုက်တဲ့အခါ ကျတော့၊ ဟို . . . ရုပ်ရှင်သွားမယ့်လူတွေရော၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲသွားမယ့်လူတွေရော၊ သူတို့နားထောင်ချင်တာ၊ ဒီမှာ ရှိတယ်ထင်ပြီးတော့၊ အဲ့ဒီ (၄)ပြပေါက်လောက်ရှိလာတာပဲဗျ။

တရားပွဲပြီးတဲ့အခါကျတော့၊ ရုပ်ရှင်သွားမယ့်လူတွေက လည်း၊ နောက်ရုပ်ရှင်သွားမြဲသွားတယ်၊ ဇာတ်ပွဲ၊ အငြိမ့်ပွဲ ကိုလည်း သွားမြဲသွားတယ်။

တရားနာရကောင်းစေလို့ သိလာတဲ့လူ၊ မဏ္ဍပ်တစ်လုံး စာကတော့ ဝိဇ္ဇောစာရ ဆရာတော်တို့၊ အနီးစခမ်း ဆရာတော် တို့ ၊ ဘုန်းကြီးတို့ တရားပွဲတွေမှာ နာတာပေါ့။

အဲ့ဒီတရားပွဲမှာလည်း၊ ဘုန်းကြီးတွေက အလှူဆိုအလှူ ပွဲနဲ့တန်အောင် ဥပုသ်ဆို ဥပုသ်တရားနဲ့တန်အောင် သင့်လျော် အောင် တရားတွေ ရွေးပေးပြီးတော့ အမျိုးမျိုးဟောရတယ်။

တရားနာတဲ့ပရိသတ်က၊ ဟာ . . . တို့တော့တရားအား ထုတ်မှဖြစ်မယ် ဒီတော့တရားသက်သက်ကို အားထုတ်ချင် တယ်ဆိုတော့၊ ထိုထိုကမ္မဋ္ဌာန်းဌာနတွေ၊ ရိပ်သာတွေမှာသွားပြီး တရားအားထုတ်ကြလို့၊ မဏ္ဍပ်ကြီး တစ်လုံးထဲက ဆန်ခါတင် လူတစ်ရာလောက်ပေါ့ဗျာ၊ အဲ့ဒီလိုရိပ်သာသွားကြတယ်။

တစ်ခါရိပ်သာကျပြန်တော့လည်းပဲ၊ ကျင့်စဉ်အတိုင်း ကျင့်လို့ ပြီးပြီဆိုတော့၊ ဈေးရောင်းတဲ့ပုဂ္ဂိုလ်ကလည်း ဈေးပြန်ပြီး ရောင်း၊ ပုတီးလေးနဲ့ပေါ့။

သို့သော် တချို့ကတော့၊ ဈေးကိုမရောင်းချင်တော့ဘူး၊ တစ်ခါတည်းဆက်ပြီးတော့ တရားနဲ့ပဲ၊ နှလုံးသွင်းချင်တဲ့ ပုဂ္ဂိုလ် က ဘယ်သွားပြန်သတုံးဆိုတော့ ဆရာတော်ဦးဝိမလဆီသွား တာပေါ့၊ အဲဒီလို (၁၅)ဦး၊ ဦး(၂၀)ဖြစ်တာပေါ့။

သို့သော် ကိုခင်မောင်ကို ဘုန်းကြီးပြောချင်တယ်ဆိုတော့ . . . ဘယ်လိုတုံးဘုရားတဲ့။

အေး . . . စာပေ ပရိယတ္တိနဲ့ နေကြတဲ့ မိုးကုတ်ဆရာတော်ဦးဝိမလတို့ နှလုံးသွင်းပုံဟာ၊ အဲဒီပရိသတ်ကိုဟောတဲ့ တရားအထက်နားမှာ၊ တစ်ထွာလောက်၌ ရှိတယ်လို့ မှတ်ပြီး ထားစေချင်တယ်။

ဆရာတော်ဘာပြောတာလည်းဘုရား . . ?၊ ဟ . . စာပေနဲ့နေတဲ့ပုဂ္ဂိုလ်များက တရားနှလုံးသွင်းတယ်ဆိုတာဟာ အခုပြောသလိုပဲ ကမ္မဋ္ဌာန်းစီးဖြန်းတော့ . . . စက္ခုံအနိစ္စံ ဒုက္ခံ အနတ္တံ၊ နေတံမမ၊ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ သောတံကာယံ ဇိဝှာကာယော မနောအနိစ္စော ဒုက္ခော၊ အနတ္တာ နေတံမမ နေသောဟမသ္မိ၊ နမေသောအတ္တာ၊ (မိုးကုတ်ဆရာတော် ဦးဝိမလက) ပါဠိကိုသိသကိုးဗျ . . . ။

ဒီလိုသိတော့ သူက ပါဠိက ရွတ်လို့လည်းပဲ၊ သဘာဝဝိယုတ္တိဆိုတာ အရသာတစ်မျိုးရှိတယ်၊ ဓမ္မပီတိလည်းဖြစ်တယ်၊ ဒီဓမ္မရသအတ္ထရသ ပါဠိကပိုပြီး အရသာပေါ်တယ်။

အဲဒါကြောင့် စာချတဲ့ဆရာတော်တွေ နှလုံးသွင်းတာက ဆရာတော်ဦးဝိမလက လူတွေကို နှလုံးသွင်းခိုင်းတာရဲ့ အထက်နားတစ်ထွာလောက်မှာ ရှိတယ်၊ မိုးကုတ်ဆရာတော်က။

၂။ ကောဇာသက္ကရာဇ် ၁၃၃၉ ခု၊ နယုန်လပြည့်ကျော် (၁၃)ရက် (၁၃-၆-၁၉၇၇) တနင်္လာနေ့ ည(၇)နာရီတွင် ကြို့ပင်ကောက်မြို့၊ မဟာလောကသိရီဘုရားကြီး သံတန်ဆောင်းအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ ကျေးဇူးရှင်တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကမင်းကွန်းဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဟောကြားတော်မူခဲ့သော တရားတော်မှ ဖြစ်ပါတယ်။

တရားနာပရိသတ်က အကြိုက်(၅)မျိုးရှိကြတယ်၊ ဘယ်သူတွေလည်းဆိုတော့။

၁။ သဒ္ဒပသန္နဆိုတာ အသံကောင်းတာကိုမှကြည်ညိုတာ၊ အသံနေအသံထားကြည်ညိုတဲ့ ပရိသတ်ပေါ့။ နိဗ္ဗာန်မင်္ဂဖိုလ်တော့၊ မရနိုင်ပါဘူး။

၂။ ရူပ ပသန္နဆိုတာ ရုပ်ရေအဆင်းကိုကြည်ညိုတာ၊ ဓမ္မကထိက ကိုယ်တော်ရဲ့ ရုပ်ဆင်းအင်္ဂါ၊ ဥပဓိရှိတာကိုကြည်ညိုတဲ့ပရိသတ်၊ သူလည်းမဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၃။ ဂုဏပသန္နဆိုတာ ဂုဏ်ရှိတဲ့ ဓမ္မကထိကကိုမှကြည်ညိုတာ၊ ဘုန်းကြီးကိုပဲ ဆိုကြပါစို့၊ ဒီဘုန်းကြီးက တိပိဋကဓရတဲ့၊ အင်မတန်ဂုဏ်ရှိတယ်ဆိုပြီး ကြည်ညိုတဲ့ပရိသတ်၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပါဘူး။

၄။ လူခ ပသန္နဆိုတာ ခြိုးခြံခြိုးခြံ အကျင့်ရှိသူကိုမှ ရွေးပြီး

ကြည်ညိုတာ၊ ဒီပရိသတ်မျိုးလည်း မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ဘူး။

၅။ ဓမ္မပသန္နဆိုတာ တရားဓမ္မသက်သက်ကို ကြည်ညိုတာ။ အဲ့ဒါမျိုးကျတော့ အသံကိုလည်း ပဓာနမထား၊ ရုပ်အဆင်းကိုလည်းမကြည့်၊ ဂုဏ်ကိုလည်းမငဲ့၊ ခေါင်းခေါင်ပါးပါးအကျင့်ကိုလည်း ဂရုမစိုက် ဓမ္မသက်သက်ကိုသာ ကြည်ညိုတဲ့ပရိသတ်မျိုး၊

အဲ့ဒီပရိသတ်မျိုးသာလျှင် ဒီဘဝမှာ တရားထူးရနိုင်တယ်တဲ့။

အဲဒီ ဓမ္မပသန္နပရိသတ်ဆိုတာကတော့ ဦးရေနည်းပါးလှပါတယ်။ အခုခေတ်ဥပမာပြရမယ်ဆိုရင် မိုးကုတ်တရားနာပရိသတ်တို့ကိုပဲပြရမှာပဲ။

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၊ အဲဒီဆရာတော်ကြီး ဟောပြတဲ့ ဓမ္မတို့ကတော့၊ အလွန်အင်မတန်မှ ပီသလှပါပေတယ်၊ တစ်ထိုင်တည်းနဲ့ နိဗ္ဗာန်အရောက် ဦးတည် ပို့ပေးနိုင်တဲ့တရားတော်များလည်းဖြစ်ပါတယ်။

အဲဒီတရားတော်များကို ကြည်ညိုတဲ့ ပရိသတ်မျိုးမှပဲ ဓမ္မပသန္နပရိသတ်မျိုးလို့ ချီးကျူးကြရမှာပဲ။

ပြီးတော့ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ ဟောတဲ့တရားတော်များကလည်း။ ဘုန်းကြီးတို့ရဲ့ ခေါင်းပေါ်နစ်တောင်လောက်ကျော်ပြီးသွားတဲ့တရားများ။

ဘာကြောင့်လဲဆိုတော့ ဘုန်းကြီးတို့ အခုပိဋကတ်သုံးပုံကို ဆောင်နိုင်နေတယ်၊ သိနေတယ်ဆိုတာက ဘယ်စာမျက်နှာ

မှာ ဘယ်အကြောင်းအရာတွေပါတယ်ဆိုတာ မှတ်ထားတာ သညာနဲ့ မှတ်တာပေါ့။

မိုးကုတ်ဆရာတော်ကြီးကတော့ ခန္ဓာကိုယ်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာကို ပညာဉာဏ်နဲ့ ထိုးဖောက်ပြီး သိတာ၊ ပညာသိ၊ သိတာ။

၃။ ၁၉၈၂ ခုနှစ်ခန့်က မြစ်ဝကျွန်းပေါ်ဟင်္သာတမြို့၌ ကျွန်တော်တာဝန်ကျစဉ် ဆန်စက်ပိုင်ရှင်တစ်ဦးသည် မင်းကွန်း တိပိဋကဆရာတော်ဘုရားကြီး ကြွရောက်လာသောအခါ ဆရာတော်အား မေးခွန်းတစ်ပုဒ်မေးမြန်းလျှောက်ထားခဲ့ပါသည်။

**အမေး** "အရှင်ဘုရား မိုးကုတ်ဆရာတော်ကြီး မြန်မာလို ဟောကြားထားသော တရားတော်များသည် မြတ်စွာဘုရား ဟောကြားသော တရားတော်စစ်စစ်ဟုတ်ပါရဲ့လားဘုရား"ဟု လျှောက်ထားပါသည်။

**အဖြေ** မင်းကွန်းဆရာတော်ဘုရားက ဖြေကြားတော်မူသည်မှာ "ဒကာကြီး မိုးကုတ်ဆရာတော်ဦးဝိမလဟောကြားထားသော တရားတော်များထဲမှ ဒကာကြီး သံသယရှိတဲ့၊ မမှန်ကန်ဘူးလို့ ထင်တဲ့တရားတော်ကို ရွတ်ပြပါတဲ့ . . . ?။ ဘုန်းကြီးက ဘုရားဟောတရားတော် ပါဠိတော်၊ စစ်စစ်ဖြစ်

ကြောင်း ကျမ်းဂန်အကိုးအကားထုတ်ပြပ့်ါမယ့်" ဟု ဖြေကြား တော်မူခဲ့ပါသည်။

● ● ● ● ●

## ၄။ မိုးကုတ်ဆရာတော်ဘုရား၏ ဆုံးမစကား

မိုးကုတ်မြို့တွင် မိုးကုတ်ဆရာတော်ဘုရားသီတင်းသုံး နေစဉ်၊ မန္တလေးမြို့ ရဟန်းပျိုအဖွဲ့မှ သံဃာတော်တချို့ မိုးကုတ်မြို့ သို့ ကြွလာကြပြီး ကန့်ကွက်ဆန္ဒပြကြပါသည်။ ထိုအခါ မိုးကုတ် မြို့သူမြို့သားများက မခံမရပ်နိုင်ဖြစ်နေကြသဖြင့် မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဦးမြင့်နာယက၊ ကျောင်းအစ်မကြီး ဒေါ်သန်းသန်းတို့က ဆရာတော်ထံလျှောက်ထားရာ၊ ဆရာတော် ဘုရားက ဒီကိစ္စမင်းတို့လုပ်တာလား၊ သူတို့လုပ်တာလားလို့ မေးရာ၊ သူတို့လုပ်တာပါဘုရားဟု ဖြေကြားပါသည်။

ထိုအခါဆရာတော်ဘုရားက မင်းတို့ဟာ သူများရဲ့ ကုသိုလ်ကိုတော့ ကိုယ့်ကုသိုလ်ဖြစ်အောင် မယူတတ်ဘူး၊ သူများရဲ့ အကုသိုလ်ကို ကိုယ့်အကုသိုလ်ဖြစ်အောင်တော့ ယူတတ်တယ်၊ မင်းတို့ဟာ မင်းတို့နေတတ်အောင်နေပါ၊ မင်းတို့နဲ့မဆိုင်ဘူး၊ ကိုယ့်အကုသိုလ်မဖြစ်စေနဲ့ဟု ဆုံးမစကား မိန့်ကြားတော်မူခဲ့ပါသည်။

သူတော်ကောင်းရတနာ (၇)ပါးပြည့်ဝကြပါစေ . . .

၁၂-၁၂-၂၀၀၄ ဆရာဦးစောလှိုင်

အတွင်းရေးမှူး

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

# သေမင်းကိုမကြောက်ပါနဲ့
## (အဘိဘူရဟာန္တာ)

ဟောကြားသည့်နေ့ (၇-၁၂-၆၀)

သေမင်းတမန်အကြောင်းကို ယနေ့ ထူးထူးခြားခြား ပြောရမယ်. . . (မှန်လှပါဘုရား)။

## သေမင်းတမန်က ကိလေသာ

သေမင်းသည် ဇရာ မရဏာလို့မှတ်ပါ. . . (မှန်လှပါဘုရား)၊ သေမင်းတမန်က ကိလေသာလို့မှတ်ပါ. . . (မှန်လှပါဘုရား)။

သေမင်းက ဘာပါလိမ့်. . . (ဇရာမရဏာပါဘုရား)၊

သေမင်းတမန်က. . . (ကိလေသာပါဘုရား)၊ အဲဒီတော့ကိုတဲ့ သေမင်းဆီရောက်အောင်ပို့တဲ့ တမန်နဲ့သေမင်းနဲ့ သည်ကားလို့ ဆိုရင်ဖြင့် ရောက်အောင်ပို့တဲ့ တမန်အစေခံကိုသာလျှင် ကျုပ်တို့ ကြောက်ရမယ်. . . (မှန်လှပါဘုရား)။

သေမင်းကိုကြောက်စရာမရှိပါဘူး. . . (မှန်လှပါဘုရား)၊ သေမင်းထံရောက်အောင်ပို့တတ်တဲ့ စေတမန်ဖြစ်တဲ့ ကိလေသာကိုသာ ပျောက်အောင်လုပ်ရမယ်. . . (မှန်လှပါဘုရား)။

ကိလေသာ ပျောက်အောင် လုပ်ရလိမ့်မယ်လို့ ဒကာ ဒကာမတွေ အသေအချာမှတ်ပါ. . . (မှန်လှပါဘုရား)။

ကိုင်း. . . ဒါဖြင့် ယနေ့ဟောရမယ့်တရားသည် ဒကာ ဒကာမတို့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် လမ်းသွားတယ်ဆိုရင် အန္တရာယ် ကင်းရဲ့လားလို့ အရင်မေးရတယ်၊ ဒကာသစ် လမ်းသွားမယ်၊ ဒကာကြွယ် လမ်းသွားမယ်၊ ဦးလှဘူး လမ်းသွားတော့မယ်ဆိုရင်ဖြင့် ဘယ့်နှယ်တုံးဗျာ၊ သူခိုး၊ ဓါးပြအန္တရာယ်များ ကင်းပါရဲ့လား. . . ။

## သေမင်းကြောက်နေရတယ်

ဪ. . . သေမင်းမေးတာကိုး. . . (မှန်လှပါဘုရား)၊ သေမင်း မေးလိုက်တယ်၊ သေစရာအထည်ကြီး ပါနေတော့ သေမင်း ကြောက်နေရတယ်. . . (မှန်လှပါဘုရား)။

နေရပါတယ်ဘုရား)၊ အင်း. . . ဒကာ ဒကာမတွေဟာ အမြဲတမ်း လမ်းသွားတော့မယ်ဆိုလို့ရှိရင်ဖြင့် သေမင်းကြောက်တဲ့ အသံ တွေက သိပ်ထွက်တယ်. . . (မှန်လှပါဘုရား)။

ဒီကနေပြီးသကာလရှမ်းပြည်တို့၊ မိုးကုတ်တို့သွားတော့ မယ်ဆိုရင်ပဲ မရောက်ဖူးသေးတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ ဘယ့် နှယ့်တုံး ဥတုရာသီဘယ်လိုများနေသတုံး၊ သေမင်းမေးပြန် တယ်. . . (မှန်လှပါဘုရား)။

## သေစရာအထည်ကြီးပါနေလို့

ဘယ့်နှယ်ကြောင့် သေမင်းမေးပြန်ပါလိမ့်မလဲလို့ဆိုတော့ သေစရာအထည် ကိုယ့်သန္တာန် ဇရာ မရဏဆိုတဲ့ သေထည်ကြီး က ပါနေလို့. . . (မှန်ပါဘုရား)။

ဇရာ မရဏ ဆိုတဲ့ အိုမှု သေမှုကြီးက ခန္ဓာကိုယ်ထဲ ပါနေတော့ သေမင်းနဲ့တွေ့ရင် ဖျတ်ခနဲစားဖတ်၊ ဝါးဖတ်အဖြစ်နဲ့ ကုန်ဆုံးချည်ရဲ့ဆိုတာကြောက်ပြီးသကာလ ဘယ်သွားသွား စဉ်း စားခန်းထုတ်ရတာ သေမင်းစဉ်းစားခန်း ထုတ်နေရတယ်. . . (မှန်လှပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ တောတိရစ္ဆာန်လေး တွေ ကြည့်ပြန်တော့လည်းဟိုနေရာက ချွတ်ခနဲဆိုရင် သေမင်းကြောက်ရ. . . (မှန်လှပါဘုရား)၊ ဒီနေရာက ဂျောက်ခနဲဆိုရင်ကော. . . (သေမင်းကြောက်ရပါတယ် ဘုရား)၊

## သေမင်းကို အမြဲကြောက်နေရတယ်

ဩော်. . . ကျုပ်တို့ ဒကာ ဒကာမတွေသည်တဲ့ သေမင်းကို အမြဲကြောက်ပြီးသကာလ နေရတော့ ဘယ်တော့မှ ထမင်းစားလို့လည်း မြိန်စရာမရှိဘူး၊ အိပ်လို့လည်း ပျော်စရာ မရှိဘူး၊ အိပ်ပြန်လို့ရှိရင်လည်း ချွတ်ချွတ် ချွတ်ချွတ်ကြား ပြန်လို့ရှိရင်ဖြင့် သူခိုးဓားပြများ တက်လာတော့မလား၊လူသတ် ပြီးပစ္စည်းယူသွားမလားဆိုတဲ့ သေမင်းကြောက်နေရတာ ပဲ. . . (မှန်ပါဘုရား)။

တစ်သံသရာလုံးနေခဲ့ရတာဟာ အကြောက်အလန့် ကင်းပြီးနေခဲ့ရတဲ့အခါများ ပါပါရဲ့လားလို့မေးရင် ဘယ်နဲ့ဖြေ ကြမတုံး. . . (မပါပါဘူးဘုရား)။

## သေမင်းကြောက်လို့တိုက်တည်တာ

မပါတာကိုလည်း ထင်ထင်ရှားရှားပဲ ဆရာဘုန်းကြီး ဖွင့်ဟပြီး ပြောရလို့ရှိရင်ဖြင့် တိုက်တွေတည်တာ ဘာကြောင့် တုံးလို့ဆိုတော့ သေမင်းကြောက်လို့ဘုရား။

အပူအအေးတွေကလည်း နှိပ်စက်လိုက်မယ်ဆိုလို့ရှိရင် လည်း ဖြုန်းခနဲသေချည်ရဲ့. . . (မှန်လှပါဘုရား)။

ဒါကြောင့် အကာအကွယ်တွေ၊ အအေးခန်း၊ အပူခန်း အစရှိသည်နဲ့အမျိုးမျိုးအဖုံဖုံလုပ်ပြီးသကာလ သေမင်းကာကွယ်

နေရတယ်ဘုရား. . . (မှန်လှပါဘုရား)။

အဲ့ဒါသည် ကားလို့ဆိုလို့ရှိရင်ဖြင့်တဲ့ ဒကာ ဒကာမတို့သည်တဲ့ ဘာကိုမသိလို့ ပါလိမ့်မတုံးလို့ ဆိုလို့ရှိရင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ် သေမင်းကို မသိတဲ့အတွက် သေမင်းတမန်ကိုလည်းသူတို့က မသိကြဘူးကွ. . . (မှန်လှပါဘုရား)။

## သေမင်းက ဇရာ မရဏာ

သေမင်းက ဇရာ မရဏာနော်. . . (မှန်လှပါဘုရား)၊ သေမင်းတမန်ကကိလေသာလို့မှတ်ပါ. . . (မှန်လှပါဘုရား)၊ လောဘ၊ဒေါသ၊မောဟ၊ကိလေသာက ဘာပါလိမ့်. . . (သေမင်းတမန်ပါဘုရား)၊သေမင်းတမန်၊ဒကာကြွယ်ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ဇရာ မရဏာကတော့ သေမင်းပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ သူ့ဆီရောက်အောင်ပို့တဲ့ ကိလေသာကတော့ဘာတဲ့. . . (သေမင်းတမန်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးက ယနေ့ထူးထူးခြားခြား ဟောလိုက်လို့ဒီလိုမယူဘဲနဲ့ ဒကာ ဒကာမတွေ ကြောက်တဲ့နည်းလမ်းစည်းကမ်းမှားနေတယ်လို့ ပြောလိုက်တယ်. . . (မှန်လှပါဘုရား)၊ကြောက်တဲ့ နည်းလမ်းစည်းကမ်းမှားနေတယ်လို့ ဒကာဒကာမတွေသတိပေးလိုက်ပါတယ်. . . (မှန်လှပါဘုရား)။

## သေမင်းကိုမကြောက်ပါနဲ့

သေမင်းဆီရောက်အောင်ပို့တဲ့တမန်ကို ကြောက်ပါ. . . (မှန်လှပါဘုရား)၊သေမင်းမကြောက်ပါနဲ့. . . (မှန်လှပါဘုရား)၊

ဘာတဲ့တုံး. . . (သေမင်းကိုမကြောက်ပဲ သေမင်းတမန်ကိုကြောက်ရမှာပါဘုရား)၊သေမင်းကို. . . (မကြောက်ရပါဘူးဘုရား)၊ သေမင်း ကြောက်စရာမရှိဘူး၊ ဒီတမန်က ရောက်အောင်ပို့မှ သေမင်းက စားဝါးပစ်တာ. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ အရုဏဝတီ-သုတ္တန်မှာ ဒီအတိုင်းလာပါတယ် ဒကာ ဒကာမတို့ မင်းတို့ကွာတဲ့ သေမင်းတမန်ကို ချေမှုန်းပစ်ကြပါလို့လာတယ်. . . (မှန်လှပါဘုရား)။

ဒကာကြွယ်ဘာချေမှုန်းရမတုံး. . . (သေမင်းတမန်ချေမှုန်းရမှာပါဘုရား)၊ စဉ်းစားကြပါ၊ စဉ်းစားကြပါ ဒကာဒကာမတို့သေမင်းတမန်ချေမှုန်းကြပါနော်. . . (မှန်လှပါဘုရား)။

သေမင်းတမန် ချေမှုန်းလို့ရှိရင်ဖြင့် သေမင်းဆီရောက်အောင် ပို့မယ့်တမန်ကို ကျုပ်တို့က ချေမှုန်းပြီး ပစ်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ သေမင်းဆီကို ရောက်အောင်ပို့တတ်တဲ့သဘောတွေ ရုပ်သိမ်းသွားလို့ရှိရင်ဖြင့် ကျုပ်တို့ သေမင်းနိုင်ငံမှ လွတ်တော့တယ်. . . (မှန်လှပါဘုရား)။

## သေမင်းတမန်ကိုကြောက်ပါ

ဒါကြောင့် ဒကာ ဒကာမတွေ တရားထူးထူးဆန်းဆန်း ဟောတယ်လို့ မယူဘဲနဲ့ သေမင်းကို မကြောက်ပါနဲ့လို့ ဦးလှဘူး တို့ သတိပေးလိုက်တယ်၊ သေမင်းတမန်ကိုကြောက်ပါ. . . (မှန်လှပါဘုရား)။

ဘာကြောက်ရမတုံး. . . (သေမင်းတမန်ကို ကြောက်ရမှာ ပါဘုရား)၊ သေမင်းတမန် ကြောက်ကြစမ်းပါ ဒကာ ဒကာမတို့ သေမင်းတမန်မိတ်ဆွေ လုပ်နေသ၍ ကာလပတ်လုံးဖြင့် သေမင်း ဆီပို့ပါလိမ့်မယ်. . . (မှန်လှပါဘုရား)။

သေမင်းတမန် မိတ်ဆွေ လုပ်နေသ၍ ကာလပတ်လုံး ဖြင့်. . . (သေမင်းဆီပို့မှာပါဘုရား)၊ သေမင်းတမန်ဆိုတာ ဘာပါလိမ့်. . . (ကိလေသာပါဘုရား)။

အဲ့ဒါ မိတ်ဆွေလုပ်နေလို့ရှိရင်ဖြင့် ခင်ဗျားတို့ အပေါင်း ကဖြင့် လွဲကုန်ပေါ့၊အပေါင်းအသင်းကဖြင့်. . . (လွဲကုန်ပါပြီ ဘုရား)။

ပို့မယ့်သူ ပေါင်းမိရက်ကြုံကတည်းကိုက သေမင်းစက် ကွင်းမှ လွတ်ကင်းစရာအကြောင်း လုံးဝမမြင်တော့ဘူးလို့ ဦးဘအုန်းတို့ မှတ်ရလိမ့်မယ်. . . (မှန်လှပါဘုရား)။

ယနေ့တရားမှာ ထူးထူးခြားခြား ဒကာကြွယ် မှတ်စမ်း ပါ. . . (မှန်လှပါဘုရား)၊ သေမင်းတမန်နဲ့ သေမင်းဘယ်ဟာ ကြောက်ရမတုံး. . . (သေမင်းတမန်ကြောက်ရမှာပါဘုရား)။

## သေမင်းနဲ့စစ်ပြိုင်ချင်တယ်တဲ့

သေမင်းတမန်ကြောက်ရမှာ ဒကာ ဒကာမတွေက သေမင်းနဲ့ စစ်ပြိုင်ချင်တယ်လို့များ ငိုချင်းများချကြသေး. . . (မှန်လှပါဘုရား)။

သေမင်းနဲ့စစ်ပြိုင်ရင် ခင်ဗျားတို့ရှုံးမှာပေါ့. . . (မှန်လှပါဘုရား)။သေမင်းတမန်၊ သေမင်းဆီပို့တဲ့တမန်ဖြစ်တဲ့ ကိလေသာကို ချေမှုန်းပစ်လိုက်ရလို့ ရှိရင်ဖြင့် သေမင်းဆီရောက်သေးရဲ့လား. . . (မရောက်ပါဘူးဘုရား)။

အဲ့ဒါကြောင့်သေမင်းတမန်ကို စစ်ထိုးပါ. . . (မှန်လှပါဘုရား)၊ သေမင်းနဲ့စစ်ထိုးဖို့ မလိုပါဘူး. . . (မှန်လှပါဘုရား)၊ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

ဘယ်သူနဲ့ စစ်ထိုးရမတုံး. . . (သေမင်းတမန်ကို စစ်ထိုးရမှာပါဘုရား)။

## လက်ယာရံအဘိဘူရဟန္တာ

ကိုင်း. . . ဒါဖြင့် အဘိဘူဆိုတဲ့ ရဟန္တာက၊ သိခီဘုရား၏ လက်ယာရံဖြစ်တဲ့ ရဟန္တာက. . .

"အာရဗ္ဘထ နိက္ခမထ ယုဉ္ဇထ ဗုဒ္ဓ သာသနေ ဓုနာထမစ္စုနောသေနံနဠာဂါရံဝ-ကုဉ္ဇရော" ဒီလိုဟောထားတယ်နော်. . . (မှန်ပါဘုရား)။

သေမင်းတမန်ကို မင်းတို့သည်ကားလို့ဆိုရင်ဖြင့် ချေမှုန်းကြပါဆိုတော့ ဘာနဲ့ချေမှုန်းရမှာတုံးဆိုတော့ အာရမ္မဏမိမိရုပ်နာမ်တွေကို ဖြစ်ပျက်မြင်အောင်အားထုတ်ပါ. . . (မှန်လှပါဘုရား)။

မိမိရုပ်နာမ်တွေကို. . . (ဖြစ်ပျက်မြင်အောင်အားထုတ်ရမှာပါဘုရား)၊ ဖြစ်ပျက်မြင်အောင် အားထုတ်ကြစမ်းပါ ဒကာ ဒကာမတို့. . . (မှန်လှပါဘုရား)။

နိဂ္ဂမထ- အားထုတ်မယ်ကြံရင် ပျင်းရိတဲ့စိတ်ကလေးတွေလာတတ်ပါတယ်ကွာ၊ အချိန်ရွှေ့တတ်တဲ့သဘောကလေးတွေလည်း လာတတ်ပါတယ်ကွာတဲ့. . . (မှန်လှပါဘုရား)၊ အဲဒါတွေလည်း နှင်ထုတ်ပစ်ပါ. . . (မှန်လှပါဘုရား)။

## ပျင်းရိတဲ့ တရားကိုနှင်ထုတ်ကြ

နိဂ္ဂမထ- ပျင်းရိခြင်းမှ၊ပျင်းရိတဲ့ ကောသဇ္ဇ ဆိုတဲ့ တရားတွေကိုလည်း နှင်ထုတ်ကြကုန်လော၊ ယဉ္စထ ဗုဒ္ဓသာသနေ-ဗုဒ္ဓသာသနေ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြစ်ပျက်လို့ ရှုရမယ်ဆိုတဲ့ အဆုံးအမ၌၊ ဖြစ်ပျက်ရှုရမယ်လို့ ဆုံးမထားတယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ဒကာ ဒကာမတွေသည် ပျင်းရိခြင်းကို နှင်ထုတ်ပြီးအားထုတ်ကြမယ်ဆိုလို့ရှိရင်ဖြင့် သေမင်းတမန်

သေတဲ့နည်းကို ဘုန်းကြီးရှင်းရှင်းလင်းလင်းပြ လို့. . . (မှန်လှပါဘုရား)၊သေစရာ သေမင်းနိုင်ငံဆီ ရောက်ပါဦးမလား. . . (မရောက်ပါဘူးဘုရား)။

## သေမင်းတမန်၊ ချေမှုန်းကြစို့

ဒါဖြင့် ယနေ့သေမင်းတမန်ချေမှုန်းကြစို့ဆိုတဲ့ တရားကိုပဲ ရှင်းရှင်းလင်းလင်းဟောလိမ့်မယ်. . . (မှန်လှပါဘုရား)။

ဒကာဒကာမတွေတရားနှလုံးသွင်းပါ၊ သေမင်း ကြောက်ရမှာလား၊သေမင်းတမန် ကြောက်ရမှာလား. . . (သေမင်းတမန် ကြောက်ရမှာပါဘုရား)။

ခု-ဒကာ ဒကာမတွေ ကြောက်နေတာက သေရမှာ ကြောက်တယ်၊ သေရမှာ ကြောက်တယ်ဆိုပြီးသကာလ သေမင်းကိုသာ ကြောက်ပြီးသကာလ သေမင်းတမန်မကြောက်ဘဲ နေကြခြင်းသည် ကြီးစွာသောမှားယွင်းခြင်းလို့ မှတ်ကြစမ်းပါ. . . (မှန်လှပါဘုရား)။

သေမင်းမကြောက်ဘဲနဲ့သေမင်းတမန် ကြောက်ရမယ့် အကြောက်သည်သာလျှင် မှန်ကန်သောကြောက်ခြင်းလို့ ဒကာ ဒကာမတွေ မှတ်ပါ. . . (မှန်လှပါဘုရား)။

သေမင်းနဲ့ သေမင်းတမန်ဘယ်ဟာ ကြောက်ရမတုံး. . . (သေမင်းတမန်ကြောက်ရမှာပါဘုရား)၊အဲ့ဒါကြောင့် အဘိဘူ ဆိုတဲ့ ရဟန်းက-

## တဏှာမာန ဒိဋ္ဌိ ချေမှုန်းပစ်ပါ

ယုဋ္ဌထ ဗုဒ္ဓသာသနေ၊ ဗုဒ္ဓသာသနေ-မြတ်စွာဘုရား အဆုံးအမဖြစ်တဲ့ဖြစ်ပျက်ရှုတဲ့ သာသနာ၌၊မုနာထမစ္စုနော သေန် မစ္စုနော-သေမင်း၏ သေနံစစ်သည်ဖြစ်တဲ့ တဏှာ၊မာန၊ ဒိဋ္ဌိကို မုနာထ ချေမှုန်းပစ်ပါ. . . (မှန်လှပါဘုရား)။

သေမင်း၏ တမန်ဖြစ်တဲ့ ကိလေသာ တဏှာ၊ မာန၊ဒိဋ္ဌိ ကိုသာ ဒကာဦးလှဘူးတို့ ချေမှုန်းပစ်ရမယ်. . . (မှန်လှပါဘုရား)။

အဲဒါ ချေမှုန်းပစ်လိုက်လို့ ရှိရင်ဖြင့်တဲ့ သေမင်းနဲ့ တွေ့ပါဦးမလား. . . (မတွေ့ပါဘူးဘုရား)၊ နောက်ပုံစံပါ ချပြပါ့ မယ် ဒကာ ဒကာမတို့၊သေမင်းမကြောက်ပါနဲ့ သေမင်းဆီ ပို့တတ်တဲ့ တမန်အစေခံကိုသာ ကြောက်ပါ၊ ချေမှုန်းပါလို့ သိခီမြတ်စွာဘုရား၏တပည့်အဘိဘူဆိုတဲ့ရဟန်းက သေသေ ချာချာ ဟောနေတယ်. . . (မှန်လှပါဘုရား)။

## သေမင်း၏စစ်သည်၊ ကိလေသာ

နဠါဂါရံဝကုဉ္ဇရော နာဠံကျူဖြင့် ဆောက်ထားတဲ့အိမ် ကြီးကို၊ကုဉ္ဇရော ဆင်ပြောင်ကြီးက၊မုနာတိဝိယ၊ ချိုးဖျက်သကဲ့ သို့၊ အတ္တနော-မိမိ၏၊သေနံ၊သေမင်း၏ စစ်သည်ဆိုတဲ့ ကိလေ သာ ကို မုနာထ- ချေမှုန်းကြပါ. . . (မှန်လှပါဘုရား)။

သေမင်းဆီပို့တတ်တဲ့စစ်သည်ကိုသာ ချေမှုန်းကြ

ပါလို့ဆိုတာ သေသေချာချာမှတ်ထားပါ. . . (မှန်လှပါဘုရား)။

ဒါဖြင့်ကိလေသာနဲ့ ဇရာ မရဏဘယ်ဟာ ကြောက်စရာကောင်းသတုံး. . . (ကိလေသာကြောက်စရာကောင်းပါတယ်ဘုရား)၊ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ကိလေသာ ကြောက်စရာကောင်းသည် ဇရာ မရဏကြောက်စရာမကောင်းပါဘူးဆိုတော့ ပုံစံလေးချပြလိုက်တော့မှ ဒကာကြွယ်သာရှင်းမှာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

## တိုက်တာ၊ ရွှေငွေ၊ ကားတွေ

ဟော. . . ဒါကဒကာဒကာမတွေ၏ ခန္ဓာငါးပါး. . . (မှန်လှပါဘုရား)၊ ပစ္စည်းဥစ္စာရတနာတွေ၊ တိုက်တာ ရွှေငွေ၊ ကျောက်၊သံ၊ ပတ္တမြား၊ ကားတွေ. . . (မှန်လှပါဘုရား)။

ဒါတွေကို မြင်လိုက်တဲ့အခါကျတော့ မြင်လိုက်ပြီ မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်းဟော. . . ဒါလေးတွေဟာ ငါ့ဟာလေးတွေပါလားဆိုတဲ့ ဒိဋ္ဌိကလာပြီ. . . (မှန်လှပါဘုရား)။

## အရေးရှိရင် ပေါင်သုံးနိုင်တယ်

ငါ့ ဟာလေးတွေ၊ ငါ့ အားကိုးလုံးကလေးတွေအရေးရှိရင် ပေါင်သုံးနိုင်တယ်၊ အင်း. . . ရောင်းပြီး သုံးနိုင်တယ်ဆိုတဲ့ ဒိဋ္ဌိက မလာဘူးလား. . . (လာပါတယ်ဘုရား)။

ဒါလေးတော့ကွာ. . . မပျောက်စေနဲ့ပော့ဆိုတဲ့ စွဲစွဲ လန်းလန်း ဒိဋ္ဌိဥပါဒါန်ကော မလာဘူးလား. . . (လာပါတယ် ဘုရား)။ကိလေသာတွေ ဒိဋ္ဌိ၊ ဒိဋ္ဌိ ဥပါဒါန်ဆိုတဲ့ ကိလေသာတွေ မလာဘူးလား. . . (လာပါတယ်ဘုရား)။

အဲ့ဒီ ကိလေသာတွေ လာတဲ့အတွက်တဲ့ ကာယကံ၊ ဝစီကံနဲ့ ဒီပစ္စည်း သိမ်းလိုက်ဆည်းလိုက်၊ ဝစီကံနဲ့ပြောလိုက်၊ ဒီဥစ္စာ မိုးလုံလုံထား လေလုံလုံထား၊ လူမမြင်သူမမြင် ထားပါဆို တဲ့ ဝစီကံတွေကောမသုံးကြပေဘူးလား. . . (သုံးကြပါတယ် ဘုရား)။

## ခင်တယ်၊ စွဲလန်းတယ်၊ အားထုတ်တယ်

ကာယကံနဲ့လည်း သူများမသိမ်း ငါသိမ်းမယ်ကွ ဆို တဲ့ကာယကံနဲ့ကော. . . (သိမ်းပါတယ်ဘုရား)။အဲ. . . ကံတွေက လည်းလာတော့ တဏှာ၊ ဥပါဒါန်၊ ကံတွေသည် ဒီကံနဲ့တကွ ပစ္စည်းတွေကိုမြင်တော့ ခင်တယ်၊ ခင်တော့ စွဲလန်း၊ စွဲလန်းတော့ အားထုတ်လို့ ကမ္မဘဝဖြစ်လာပြီ. . . (မှန်လှပါဘုရား)။

တစ်၊ နှစ်၊ သုံးမြင်တာ အသာထား၊ ခင်တယ်၊ စွဲလန်းတယ်၊ အားထုတ်တယ်ဆိုတာ သေမင်းတမန် သုံးခု. . . (မှန်လှပါ ဘုရား)၊တဏှာ၊ဥပါဒါန်၊ကံတွေဟာ ဘာပါလိမ့်. . . (သေမင်းတမန်သုံးခုပါဘုရား)။

သေမင်းတမန်၊ သူတို့ကို ချေမှုန်းရမှာ. . . (မှန်လှပါဘုရား)၊ သူတို့ ချေမှုန်းလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဇာတိ၊ဇရာ၊ မရဏဆိုတာလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

## အကြောင်းနဲ့အကျိုးဘယ်ဟာကြောက်ရမှာလဲ

ဒါဖြင့် ဇာတိ၊ဇရာ၊မရဏနဲ့ဆိုတဲ့ သေမင်းတမန်ဖြစ်တဲ့ တဏှာ ဥပါဒါန် ကံနဲ့ သေမင်းဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏနဲ့ ဒကာသစ်တို့ ဒကာကြွယ်တို့ ဘယ်သူအကြောင်းဘယ်သူ အကျိုးတုံးဆိုတော့ ဟောဒီ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်ရင်သိပါပြီ. . . (မှန်လှပါဘုရား)။

သေမင်းတမန်က. . . (အကြောင်းပါဘုရား)၊သေမင်းဆိုတဲ့ ဇာတိ၊ဇရာ၊မရဏက. . . (အကျိုးပါဘုရား)။

ဒါဖြင့် ဒကာသစ်ရေ အကြောင်းနဲ့အကျိုးဘယ်ဟာကြောက်ရမှာပါလိမ့်. . . (အကြောင်းကြောက်ရမှာပါဘုရား)။ မြားပစ်တဲ့သူနဲ့ မြားတံနဲ့ ဘယ်ဟာကြောက်စရာကောင်းသတုံး. . . (မြားပစ်တဲ့သူကြောက်စရာကောင်းပါတယ်ဘုရား)။

## မြားပစ်တဲ့သူကိုကြောက်ပါ

မြားပစ်တဲ့သူကြောက်စရာကောင်းတယ်. . . (မှန်လှပါဘုရား)၊ မြားတံက ဘာမှကြောက်စရာမရှိဘူး၊ အသက်မပါဘူး. . . (မှန်လှပါဘုရား)။

မြားပစ်တဲ့သူသာ အသက်ရှိသ၍ ပစ်နေမယ်ဆိုတော့ သူ့ကြောက်စရာကောင်းတယ် . . . (မှန်လှပါဘုရား)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။

## သေမင်းတမန်(၃)ယောက်

ဒီမှာလည်း
(၁) တဏှာ
(၂) ဥပါဒါန်
(၃) ကံ

တည်းဟူသော သေမင်းတမန်ကြောင့် ဒကာ ဒကာမတို့မှာ ဇာတိ၊ဇရာ၊မရဏဆိုတဲ့ သေမင်းသုံးယောက်၊ သေမင်းလက်တွင်းကို တစ်ခါတည်းကျတယ်။

## သေမင်း(၃)ယောက်

(၁) ဇာတိက ထောင်ချတဲ့ ပုဂ္ဂိုလ်
(၂) ဇရာက ရိုက်နှက်တဲ့ ပုဂ္ဂိုလ်
(၃) မရဏကသတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့

ဒါ သေမင်းသုံးယောက်ပေါ့ဗျာ . . . (မှန်လှပါဘုရား)။

အင်း . . . ဒီသေမင်းသုံးယောက်သည် ဒကာ ဒကာမတို့ ဘယ်သူပို့လို့ ရောက်ရပါလိမ့်မတုံးလို့ မေးတဲ့အခါ တမန်သုံးယောက်ပို့လို့ ရောက်ရတာ . . . (မှန်လှပါဘုရား)။

ဘယ်လိုမှတ်ကြမယ်. . . (တမန်သုံးယောက်ပို့လို့ ရောက်ရတာပါဘုရား)။

## တမန်(၃)ယောက်ကို ချေမှုန်းပစ်ပါ

ဒါဖြင့် ဒီတမန်သုံးယောက်ကို ကျုပ်တို့က ချေမှုန်းပစ်လိုက်လို့ရှိရင်ဖြင့် ပို့မယ်သူသုံးယောက်မရှိသောကြောင့် ကျုပ်တို့ သေရာဌာနဆိုတဲ့ ဇာတိ၊ ဇရာ မရဏလွတ်ကင်းမှုကြီးဟာ ဆုတောင်းရသေးလား. . . (မတောင်းရပါဘူးဘုရား)။

တစ်ခါတည်း လွတ်သွားတယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းလင်းမသွားဘူးလား. . . (သွားပါတယ်ဘုရား)။

ဒါဖြင့် တစ်၊ နှစ်၊ သုံး. . . သေမင်းတမန်. . . (မှန်လှပါဘုရား)၊နောက်တစ်၊နှစ်၊သုံးက သေမင်းတွေ. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ပထမ တစ်၊ နှစ်၊ သုံး နဲ့ ဒုတိယ တစ်၊ နှစ်၊ သုံး ဒကာကြွယ်ဘယ်ဟာကို ကျုပ်တို့က ချေမှုန်းပစ်ရမှာတုံး. . . (ပထမတစ်၊ နှစ်၊ သုံး ကို ချေမှုန်းရမှာပါဘုရား)။

ပထမ တစ်၊ နှစ်၊ သုံးကို ချေမှုန်းရမယ်ဆိုတာ ကောင်းကောင်း သဘောကျပြီလား. . . (ကျပါပြီဘုရား)၊ အေး ဒါကြောင့် အဘိဘူ ဆိုတဲ့ ရဟန္တာက နဠာဂါရံဝ ကုဉ္ဇရော ဆိုတဲ့အတိုင်းတဲ့ ဓုနာထ မစ္စုနော သေနံ မစ္စုနော သေမင်းသုံးယောက်၏သေနံ-

စသည်ဖြစ်တဲ့ တဏှာ၊ဥပါဒါန်၊ကံတို့ကို ခုနာထ- ချေမှုန်းကြပါ ကွာ. . . (မှန်လှပါဘုရား)။

## ဘုရားအဆုံးအမကို မမေ့ကြနဲ့

အင်း. . . သူတို့သုံးခု ချေမှုန်းရမှာဆိုပါလား. . . (မှန်လှပါဘုရား)၊ ဘာနဲ့ ချေမှုန်းရမှာတုံးဆိုတော့၊ ယော ဣမသ္မိံ ဓမ္မဝိနယေ၊ ယော-အကြင် ပုဂ္ဂိုလ်သည် ဣမသ္မိံ ဓမ္မ ဝိနယေ- ဤဘုရားဟောတော်မူတဲ့ အဆုံးအမ၌ အပ္ပမတ္တော- မမေ့ရစ်ကြသည်ဖြစ်ပါအံ့။

ငါဘုရား ဆုံးမတဲ့အတိုင်းဖြစ်ပျက် အနိစ္စကို မမေ့ရစ်ကြသည်ဖြစ်ပါအံ့. . . (မှန်လှပါဘုရား)၊ ဇာတိ သံသာရံ-ပဋိသန္ဓေအိုနာသေရေးဆိုတဲ့ သံသရာကြီးကိုဆို တော့ဒီသေမင်းသုံးယောက်ကို. . . (မှန်လှပါဘုရား)၊ သစ္စိ ကရိဿတိ- သေမင်းမရှိရာကို မျက်မှောက်ပြုနိုင်လတ္တံ့။

## မမေ့ရင် သေမင်းလွတ်ရာရောက်မယ်

သေမင်းတမန်ကို သတ်လို့ရှိရင် သေမင်းနယ်သို့ မရောက်သောကြောင့် သေမင်းလွတ်ရာကိုသာ ဉာဏ်အားဖြင့် ရောက်ပါလိမ့်မယ်. . . (မှန်လှပါဘုရား)၊ဒကာသစ် အသေအချာမှတ်နော်. . . (မှန်လှပါဘုရား)။

ဒကာကြွယ်ရေ. . . ဒါဖြင့် ယနေ့တရားမှာ ဩော်. . . တို့ဟာ သေရမှာသာကြောက်နေတယ် သေကြောင်းဖြစ်တဲ့ သေမင်းတမန်မကြောက်လို့ တို့ ကိုယ်ကျိုးနည်းရတာ ကြာလှပါ ပေါ့လားဆိုတာ အောက်မေ့ရမယ်. . . (မှန်လှပါဘုရား)။

သေမင်းတမန်မကြောက်ဘဲနဲ့ သေမင်းသာကြောက်ပြီး သကာလနေတော့ သေရမှာဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏသာ ကြောက်ပြီး သကာလ ဇာတိ၊ ဇရာ၊ မရဏဆီ အခွန်ဆက်ပေး နေတဲ့ တဏှာ၊ ဥပါဒါန်၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ကံတွေကို ကျုပ်တို့ ကြိုးစားနေသ၍ ကာလပတ်လုံးဖြင့်တဲ့ ထောင်ချတဲ့ ဇာတိ၊ ရိုက်နှက်တဲ့ဇရာ၊သတ်ပစ်တဲ့ မရဏလက် တွင်းမှ လွတ်ကင်းဖို့ရာမရှိပါ ဘူး. . . (မှန်လှပါဘုရား)၊ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

## တဏှာ၊ ဥပါဒါန်ကံကသေမင်းတမန်

ဒါဖြင့် သေမင်းတမန်က ဘာပါလိမ့်. . . (တဏှာ၊ မာန၊ ကံပါဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သေမင်းသုံးယောက်က ဘယ်သူပါလိမ့်. . . ဇာတိ၊ ဇရာ၊ မရဏပြန်ပြောပါ၊ ဒီလောက် လွဲရင် အကြီးအကျယ်လွဲတယ်မှတ်ပါ။

သေမင်းတမန်က ဘယ်သူပါလိမ့်. . . (တဏှာ၊ ဥပါဒါန်၊ ကံပါဘုရား)၊ သေမင်းက ဘယ်သူပါလိမ့်. . . (ဇာတိ၊ ဇရာ၊ မရဏ ပါဘုရား)။

## ဇာတိ၊ ဇရာ၊ မရဏက သေမင်း

ဇာတိ၊ ဇရာ၊ မရဏ ကမှ ဇာတိက ထောင်ထဲချတာကိုး. . . (မှန်လှပါဘုရား)၊ အမိဝမ်းခေါင်းထဲထောင်ထဲချလိုက်၊ ဇရာက ရိုက်နှက်လိုက်၊ မရဏက သတ်လိုက်ဆိုတဲ့ အဲဒါ သေမင်းချည့်ပဲ. . . (မှန်လှပါဘုရား)။

သေမင်း အပေါင်းအဖော်က သုံးယောက်၊သေမင်းဆီပို့တဲ့ အပေါင်းအဖော်ကသုံးယောက်၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

အဲ့ဒါတွေ သိပြီးထားတော့မှ အားလုံး ဒကာကြွယ်တို့ က သေမင်းကြောက်ရမှာလား၊ သေမင်းထံ ပို့တတ်တဲ့ သေမင်း၏ အစေခံစေတမန်တွေ ကြောက်ရမှာလား. . . (အစေခံစေတမန်တွေ ကြောက်ရမှာပါဘုရား)။

သေမင်းထံပို့တတ်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံကြောက်ရမယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဘာကြောက်ရမှာတုံး. . . (သေမင်းထံပို့တတ်တဲ့ တဏှာ၊ဥပါဒါန်၊ကံကြောက်ရမှာပါဘုရား)၊ သူ့ဘယ်နှယ့်ကြောင့်ကြောက်ရမှာပါလိမ့်. . . (သေမင်းထံပို့လို့ပါဘုရား)။

## ရဲသားသုံးယောက်

ဩော်. . . ဒါဖြင့်သေမင်းထံ မရောက်ရောက်အောင် ဖမ်းပို့တတ်တဲ့ ရဲသားသုံးယောက်နဲ့ တူတဲ့ဥစ္စာ ကြောက်ရမှာပဲ ဆိုတဲ့အဓိပ္ပာယ်သည် ဦးဘအုန်းတို့ ရှင်းသွား ပြီ. . . (ရှင်းသွားပါပြီဘုရား)။

ဒါကြောင့် အဲ့ဒီ ရဲသားသုံးယောက်နဲ့ တူတဲ့ တဏှာ၊ ဥပါဒါန်၊ကံကိုဟုတ်ပြီလား၊ ချေမှုန်းပစ်ရမယ်. . . (မှန်လှပါဘုရား)၊တဏှာ၊ဥပါဒါန်၊ကံကို. . . (ချေမှုန်းပစ်ရမှာပါဘုရား)။

## ဘုရားအဆုံးအမနှင့် ချေမှုန်းပါ

ဘာနဲ့ ချေမှုန်းရမှာတုံး မေးတဲ့အခါ၊ ယော-အကြင် ပုဂ္ဂိုလ်သည်၊ ဣမသ္မိံ ဓမ္မဝိနယေ ဓမ္မဝိနိယဆိုတဲ့ အဆုံးအမ၌ ဘုရားအဆုံးအမနဲ့ ချေမှုန်းရလိမ့်မယ်. . . (မှန်လှပါဘုရား)၊ ဘုရားအဆုံးအမနဲ့ ချေမှုန်းမှရမယ် ဒကာကြွယ်ရ. . . (မှန်လှပါ ဘုရား)။

ဒိပြင် နည်းနဲ့တော့မရဘူးဆိုတာ အသေအချာမှတ် ပါ. . . (မှန်လှပါဘုရား)၊ ကဲ. . . ဒါဖြင့် ယော-ဣမသ္မိံ ဓမ္မ ဝိန ယေ အပ္ပမတ္တော ဝိဟဿတိ။

## အနိစ္စကို ပညာနဲ့ကြည့်ပါ

ဒီယခုပြောခဲ့တဲ့ဖြစ်ပျက်ရှုရမယ့် အဆုံးအမ သဗ္ဗေသင်္ခါရာ အနိစ္စ ယဒါ ပညာယ ပဿတိဆိုတဲ့အတိုင်း အနိစ္စကိုပညာနဲ့ ကြည့်ဆိုတဲ့ အဆုံးအမကြီးက မရှိဘူးလား. . . (ရှိပါတယ် ဘုရား)။

အဲ့ဒါ ဓမ္မဝိနယေ အဆုံးအမပါပဲတဲ့နော်. . . (မှန်လှပါဘုရား)၊ အပ္ပမတ္တော ဝိဟဿတိ၊ အပ္ပမတ္တော မမေ့ရစ်ဘဲနဲ့ ဝိဟဿတိမင်းတို့ ငါဘုရား ပရိနိဗ္ဗာန်စံပြေးသော်လည်း မင်းတို့ကျန်ရစ်ခဲ့သည်ဖြစ်ပါအံ့ ဇာတိသံ သာရံ ပဠိသန္ဓေ အိုနာ၊သေဆိုတဲ့ သေမင်းသုံးယောက် သံသရာကြီးကို ပဟာယစွန့်၍ မင်းတို့သည် ကားလို့ဆိုရင် ဖြင့် သူတို့မရှိတဲ့နိုင်ငံကို၊ သစ္စာကရိဿတိ-မျက်မှောက်ပြုနိုင်လိမ့်လတ္တံ့ကွာဆိုတော့ မသေရာမျက် မှောက်ပြုနိုင်ပါလိမ့်မယ်. . . (မှန်လှပါဘုရား)။

## မသေရာကိုမြင်ရလိမ့်မယ်

သေမင်းတမန်ကိုသာ သတ်ရင် မသေရာကို ခင်ဗျားတို့မြင်ရလိမ့်မယ်. . . (မှန်လှပါဘုရား)၊ သေမင်းတမန်ကို သတ်ရင်. . . (မသေရာကို မြင်ရမှာပါဘုရား)၊ မသေရာမြင်ရမယ်ဆိုတာသဘောကျပြီလား. . . (ကျပါပြီဘုရား)။

ကိုင်း. . . ဒါ သေသေချာချာအကွက်ကျပဲ ဒကာကြွယ်

ရှင်းပါတော့မယ်နော်. . . (မှန်လှပါဘုရား)။

ဟောဒီက ဒကာ ဒကာမတွေ ခန္ဓာငါးပါး၊ အာယတန (၁၂)ပါး၊ဓာတ်(၁၈)ပါးဆိုတာသိပြီးသား. . . (မှန်လှပါဘုရား)။

ဒီခန္ဓာငါးပါးကို ဟောဒီမဂ္ဂင်ငါးပါးနဲ့ ဒကာသစ်ကဖြစ် စေ၊ ဒကာကြွယ်၊ဦးလှဘူးတို့ကဖြစ်စေ တစ်ပါးပါး ဖြစ်ပျက်ရှုစမ်း ပါနော်. . . (မှန်လှပါဘုရား)။

## တစ်ပါးပါးကို ဖြစ်ပျက်ရှုစမ်းပါ

တစ်ပါးပါးဖြစ်ပျက်ရှုစမ်းပါ၊ အနိစ္စလို့ ရှုစမ်းပါ၊ သဗ္ဗေ သင်္ခါရာ အနိစ္စ ယဒါ ပညာယပဿတိနဲ့ ရှုစမ်းပါနော်. . . (မှန်လှပါဘုရား)။

ဒီဖြစ်ပျက်တွေကို ပညာနဲ့ ရှုပေးစမ်း၊ ရှုလိုက်တော့ကို ဒီ က ဖြစ်ပျက်ဖြစ်သွားရော၊ ဒီက ယဒါ ပညာယပဿတိ က မဂ်မဖြစ်သွားဘူးလား. . . (ဖြစ်သွားပါတယ်ဘုရား)၊ ဒါကြောင့် ဧသမဂ္ဂေါလို့ပြောတာပေါ့ဗျာ. . . (မှန်လှပါဘုရား)။

ကဲ. . . ဒီဘက်က အနိစ္စကို ရှုလိုက်တဲ့အခါဒီဘက်က ဘာဖြစ်သွားသတုံး. . . (မဂ္ဂဖြစ်သွားပါတယ်ဘုရား)၊ မဂ္ဂဖြစ် သွားတော့ ဒီမဂ်လည်း လာပါရောတဲ့ ခုနက ဒီခန္ဓာငါးပါး သားသမီးနဲ့ပစ္စည်းဥစ္စာတွေကိုခင်တယ်၊စွဲလန်းတယ်၊အားထုတ် တယ်ဆိုတာမဂ်ကြားဝင်ရင်လာသေးသလား. . .(မလာပါဘူး ဘုရား)။

## မင်္ဂနဲ့ ချေမှုန်းလိုက်တော့ပျောက်သွားတယ်

ဟာ. . . ဒီသုံးခု ပျောက်သွားပြီ၊ ဒီသုံးခု ပျောက်သွားပြီ၊ ဘာကြောင့် ပျောက်သွားပါလိမ့်မတုံးဆို မင်္ဂနဲ့ချေမှုန်းလိုက်လို့. . . (မှန်လှပါဘုရား)၊ရှုတဲ့မင်္ဂနဲ့ ဘာတုံး. . . (ချေမှုန်းလိုက်လို့ပါဘုရား)။

ချေမှုန်းလိုက်တော့ သေမင်းတမန်သုံးယောက် ဘာဖြစ်သွားသတုံး. . . (ပျောက်သွားပါတယ်ဘုရား)၊ ဪ. . . ဒါဖြင့် ယောက္ခမသို့ ဓမ္မဝိနယေ ဤဖြစ်ပျက်ရှု ရမယ်ဆိုသော ဓမ္မဝိနယ၌၊ အပ္ပမတ္တော- မမေ့ကြနဲ့ နော်. . . (မှန်လှပါဘုရား)၊ ဝိဟဿတိ မမေ့ဘဲနဲ့ နေကြကွ။

ပဟာယဇာတိသံသာရံ ပဟာဒိဘက်က သံသရာသုံးခု အကုန်ပျောက်ရမယ်၊သေမင်းတွေ အကုန်ပျောက်ရမယ်. . . (မှန်လှပါဘုရား)။

## သူတို့မလာနိုင်တော့ဘူး

ပဟာယဇာတိသံသာရံ- ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ သုံးခုကိုပဟာယပယ်၍ သူတို့မလာနိုင်တော့ဘူးကွ. . . (မှန်လှပါဘုရား)၊ ဘာကြောင့် မလာသတုံးလို့ဆိုတော့ သေမင်းဆီ ခန္ဓာငါးပါးပို့နေတဲ့ တဏှာ၊ ဥပါဒါန်၊ ကံတွေက သေသွားလို့ သေမင်းသည်ဒကာ ဒကာမတို့စားစရာ၊ဝါးစရာမရှိသောကြောင့်

သေမင်းကိုပျောက်ထွက်သွားတယ်. . . (မှန်လှပါဘုရား)။

စားဝါးနေရရင် သေမင်းအသက်ရှည်နေပါတယ်. . . (မှန်လှပါဘုရား)၊ စားဝါးနေရရင်. . . (သေမင်းအသက်ရှည်နေပါတယ်ဘုရား)၊ စားစရာပို့မယ့်သူ ဝါးစရာပို့မယ့်သူမရှိရင် သေမင်းပျောက်ရတော့မယ်. . . (မှန်လှပါဘုရား)။

## ဝိပဿနာရှုတာ၊ ဘာလုပ်တာတုံး

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာရှုတာသည်ဘာလုပ်တာတုံးလို့ဒကာ ဒကာမတွေက လေးလေးနက်နက် မေးလို့ရှိရင်ဖြင့် သေမင်းတမန် ချေမှုန်းနေတာ. . . (မှန်လှပါဘုရား)။

ဝိပဿနာရှုတာ ဘာလုပ်နေကြတာပါလိမ့်. . . (သေမင်းတမန်ချေမှုန်းနေတာပါဘုရား)၊ ဒကာကြွယ် ဒါဖြင့် ကိုယ့်အသေကိုယ်ကာကွယ်နေတာ. . . (မှန်လှပါဘုရား)၊ ကိုယ့်သေရမှာကို. . . (ကိုယ်ကာကွယ်နေတာပါဘုရား)။

ကိုယ်သေရမှာကို ကိုယ်ကာကွယ်နေတဲ့အလုပ်ဟာ ဒါကြောင့် ဘုရားသခင်က အာရက္ခထ အားထုတ်ပါကွ၊ နိက္ကမထ ပျင်းရိတာနှင်ထုတ်ကြပါကွ၊ ပျင်းရင်သေရမှာစိုးလို့. . . (မှန်လှပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ဝိပဿနာအလုပ် လုပ်ကြစမ်းပါ

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာအလုပ်လုပ်ကြစမ်း ပါလို့ ဆရာဘုန်းကြီးက တိုက်တွန်းဖို့အရေးကြီးသလား၊ ခင်ဗျား တို့ သေမင်းတမန်တွေကို သေမင်းဆီပို့တတ်တဲ့ တမန်အစေခံ တွေကို ခင်ဗျားတို့ကိုယ်တိုင်သတ်ဖို့ အရေးကြီးသလား၊ ဘုန်းကြီး တိုက်တွန်းမှုစောင့်နေဖို့ အရေးကြီးသလားဆိုတာ သေသေချာ ချာခွဲကြစမ်းပါ. . . (ကိုယ်ကိုယ်တိုင်သတ်ဖို့ အရေးကြီးပါတယ် ဘုရား)။

ပေါ်ပြီ ဦးလှဘူးရ၊ ပေါ်ပြီ၊ ပေါ်ပြီ၊ ဘုန်းကြီးက တိုက်တွန်းရှာတယ်၊ ဒါကြောင့် ကျုပ်တို့လည်း ဆရာသမား ကောင်းက တိုက်တွန်းတော့ မလုပ်ရင်မဖြစ်ဘူး လုပ်ရဦးမယ်လို့ ဒီအသုံးကို သုံးလို့ရှိရင်ဖြင့် အတော်ညဏ်တုံးတယ်. . . (မှန်လှ ပါဘုရား)။

## ဝိပဿနာမရှုဘဲနေရင်

ကိုယ့်သေမင်းတမန်တွေရှိနေလို့ ကိုယ့်ခန္ဓာကိုယ် ကြီးကိုပင်လျှင်ဟောဒီ မရှုဘဲနေလို့ရှိရင်ကိုယ့်ခန္ဓာငါးပါးကြီး ကို သေမင်းတမန်က ဇာတိ၊ဇရာ၊မရဏဆီပို့မယ်. . . (မှန်လှပါ ဘုရား)။ တဏှာ၊ ဥပါဒါန်၊ကံတွေက မပို့ပေဘူးလား. . . (ပို့ပါ တယ်ဘုရား)။

ပို့လိုက်လို့ရှိရင်တော့ သေမင်းပါးစပ်ထဲမှာ ကျုပ်တို့ စားဖတ်ဝါးဖတ်အဖြစ်နဲ့ပဲ ဆုံးရှုံးခြင်း မရောက်ပေဘူးလား. . . (ရောက်ပါတယ်ဘုရား)။

## ဝိပဿနာရှုလိုက်တော့

ဒါဖြင့် ဝိပဿနာ ဒီကနေရှုလိုက်တော့ကိုတဲ့ ပဋိစ္စ သမုပ္ပါဒ်ဆိုတဲ့အနာဂတ် အကြောင်းသုံးခုပြတ်သွားတော့ အနာ ဂတ်အကျိုးသုံးခုလာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

ဘယ်နှယ့်ကြောင့် မလာပါလိမ့်မတုံးမေးတဲ့အခါ တမန်သုံး ယောက်သတ်ပစ်လို့၊ပို့တတ်တဲ့ တမန်သုံးယောက်သတ်ပစ် လိုက်တဲ့အတွက်တဲ့ ဒကာ ဒကာမတို့ သေမင်းသုံးယောက် သည်ကား ငတ်ပြီးသေရှာတယ်. . . (မှန်လှပါဘုရား)။

သေမင်းသုံးယောက် ဘယ်လိုသေပါလိမ့်. . . (ငတ်ပြီး သေပါတယ်ဘုရား)၊ အရင်တုန်းကတော့ ခန္ဓာတွေယူဆောင်ပြီး သေမင်းဆီ ပို့နေတာပါပဲ. . . (မှန်လှပါဘုရား)။

လူခန္ဓာ ဖြစ်ရင်လည်း သေမင်းဆီပို့၊ နတ်ခန္ဓာဖြစ်ရင် လည်းသေမင်းဆီပို့ တမန်သုံးယောက်က. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## မင်္ဂနဲ့ချေမှုန်းပစ်လိုက်တယ်

ဒါဖြင့် ဒီတမန်သုံးယောက်ကို ကျုပ်တို့က မဂ်နဲ့ ချေမှုန်းပစ်လိုက်တော့မဂ်လာရင်ပဲ သူတို့သုံးခုဖြစ်သေးရဲ့ လား. . . (မဖြစ်ပါဘူးဘုရား)။

မဖြစ်တော့ သူတို့ချေမှုန်းပစ်လိုက်တဲ့အတွက်တဲ့ သေ မင်းသုံးယောက်ကိုကျုပ်တို့ သေမင်းသုံးယောက်ဆီ ပို့တတ် တဲ့တရားကို ကျုပ်တို့က ချေမှုန်းပြီး သတ်ဖြတ်ပစ်လိုက်တဲ့ အတွက်ဒကာသစ်ရေ သေမင်းဆီကျုပ်တို့ရောက်ဖို့လိုသေး သလား. . . (မလိုပါဘူးဘုရား)၊ တမန်အရင် သတ်ပစ်လိုက် တယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် သံယုတ်အဋ္ဌကထာဆရာက သေမင်းတမန် ဆိုတာ တခြားမဟုတ်ပါဘူးကိလေသာကို ဆိုပါတယ်ဆိုတာ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ကိုင်း. . . ဘုန်းကြီးတို့ ဒကာ ဒကာမတို့ သေမင်း တမန်နဲ့သေမင်း ဘယ်ဟာကြောက်ရမှာလဲ. . . (သေမင်း တမန်ကို ကြောက်ရမှာပါဘုရား)။

## ပညာနဲ့ ကြည့်ဖို့အရေးကြီးတယ်

ဒါဖြင့် သေမင်းကို ချေမှုန်းဖို့လိုသလား၊ သေမင်း တမန်ကို ချေမှုန်းပစ်ဖို့လိုသလား. . . (သေမင်းတမန်ကို ချေမှုန်းပစ်

ရမှာပါဘုရား)။သေမင်းတမန် ချေမှုန်းတဲ့နည်းကတော့ မိမိခန္ဓာ မိမိပစ္စည်း မိမိ၏ သားမယားတွေ အမျိုးမျိုးအဖုံဖုံတွေကို အနိစ္စတရားတွေလို့ ပညာနဲ့ကြည့်ဖို့ အရေးကြီးပါတယ်. . . (မှန်လှပါဘုရား)။

## ဒါတွေက အနိစ္စ ပညာကမဂ္ဂ

အနိစ္စတရားတွေဖြစ်လို့၊ အနိစ္စတရားတွေဖြစ်တဲ့အ တွက် ပညာနဲ့ကြည့်တာ. . . (မှန်လှပါဘုရား)၊ ပညာနဲ့ ကြည့်တော့ ဒီဟာတွေက အနိစ္စ၊ ပညာက မဂ္ဂ. . . (မှန်လှပါဘုရား)။ ချေမှုန်း လို့ကြေမွသွားတာက သေမင်းတမန် သဘောကျပြီလား. . . (ကျပါပြီဘုရား)။

လုံးဝမစားရလို့ ငတ်သေတာက ဇာတိ၊ ဇာရာ၊ မရဏ. . . (မှန်လှပါဘုရား)၊ နို့မဟုတ်ရင် ခန္ဓာရှိရင် ဇာတိကလည်း စားမှာပဲ၊ဇရာကလည်းစားမှာပဲ၊မရဏက လည်း. . . (စားမှာပါ ဘုရား)။

ကဲ. . . စားရသေးသလား၊ ငတ်သေကြသလား. . . (ငတ်သေပါတယ်ဘုရား)၊ပို့မယ်သူသတ်ပစ်လိုက်တယ်. . . (မှန်လှပါဘုရား)၊ဘယ်သူသတ်ပစ်လိုက်သတုံး. . . (ပို့မယ်သူ သတ်ပစ်လိုက်ပါတယ်ဘုရား)။

ပို့မယ်သူက ဘယ်သူပါလိမ့်ဗျာ. . . (သေမင်းတမန်ပါ

ဘုရား)၊ သေမင်းတမန်ဟာ ကြည့်စမ်း တဏှာ၊ ဥပါဒါန်၊ ကံ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု

သေမင်းဆီပို့တဲ့တရား ဘယ်သူပါလိမ့်. . . (တဏှာ၊ ဥပါဒါန်၊ ကံပါဘုရား)၊ အဲ့ ပို့တဲ့တရားကို ကျုပ်တို့က မိမိခန္ဓာကို ဖြစ်ပြီး ပျက်တယ်လို့ ရှုလိုက်တော့ ရှုတဲ့ဉာဏ်ကလေး ဝမ်းထဲမဂ်ရောက်လာတယ်. . . (ရောက်လာပါတယ်ဘုရား)။

မဂ်ရောက်လာတော့ သေမင်းတမန်သုံးယောက်ဖြစ် တဲ့ ပဋိစ္စသမုပ္ပါဒ် အကြောင်းသုံးခု ဒကာသစ်ဘာဖြစ်သွားသတုံး. . . (သေသွားပါတယ်ဘုရား)။

သေသွားတယ်ဆိုတော့ ပို့မယ်သူမရှိတော့ ဟိုက ဇရာ၊ မရဏ၊ ဇာတိ၊ ဇရာ၊ မရဏတွေက ဒီကပို့မှ စားရဝါးရမယ့် သေမင်းတွေကိုးဗျ. . . (မှန်လှပါဘုရား)။ ပို့မယ့်သူ မရှိတော့ သူတို့ ငတ်သေသွားပြီ. . . (မှန်လှပါဘုရား)။

## မသေရာအမှန် ပြည်နိဗ္ဗာန်

သေမင်းတွေသည် ပျောက်ပျက်သွားပြီ၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဒါဖြင့် ဒီဘက်က မသေရာ အမှန် ပြည်နိဗ္ဗာန်ဖြစ်ရမယ်. . . (မှန်လှပါဘုရား)။

အရင်တုန်းကတော့သေတဲ့နေရာဖြစ်တယ်တဲ့၊(၃၁)ဘုံကြီးဖြစ်နေတယ်. . . (မှန်လှပါဘုရား)၊ ခုတော့ မသေရာအမှန်ပြည်နိဗ္ဗာန် ဖြစ်သွားတယ်ဆိုတာ ဦးဘအုန်းတို့ကျေနပ်ပြီလား. . . (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားမှာ သေမင်းနဲ့ သေမင်းတမန်မှာဒကာကြွယ် ဝိပဿနာအလုပ်လုပ်တာဟာ ဘာသတ်တဲ့အလုပ်လုပ်ပါလိမ့်ဗျာ. . . (သေမင်းတမန်သတ်တဲ့အလုပ်ပါဘုရား)။

## သေမင်းတမန်သတ်တဲ့အလုပ်

တယ်လည်း အဖိုးတန်ပါလား၊ ဒကာ ဒကာမတို့ သေမင်းတမန် သတ်တဲ့အလုပ်တဲ့. . . (မှန်လှပါဘုရား)၊ အဲ. . . မသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် သေမင်းနဲ့ စစ်ထိုး ချင်တယ်လို့ပဲ ဖွဲ့နွဲ့ပြီး သကာလ ငိုချင်ရင်ငိုလိမ့်မယ်. . . (မှန်လှပါဘုရား)။

သေမင်းနဲ့ စစ်ထိုးရတာ မဟုတ်ဘူး၊ သေမင်းတမန်နဲ့ စစ်ထိုးပြီး အနိုင်ယူပါမှ သေမင်းနိုင်ငံကလွန်မြောက်ပါတယ်. . . (မှန်လှပါဘုရား)၊ ကောင်းကောင်းပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်တဲ့ ဝိပဿနာအလုပ် မလုပ်လို့ရှိရင် သေမင်း

တမန်ချေမှုန်းတဲ့အလုပ်လို့ ဆိုလို့ဖြစ်ပါရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။

ဝိပဿနာအလုပ် မလုပ်ဘဲနဲ့ မအိုမသေ အမြဲနေတဲ့နိဗ္ဗာန်ကြီး ရောက်ရပါလို၏ ဆုတောင်းနေတယ်. . . (မရောက်ပါဘူးဘုရား)၊ရောက်နိုင်ပါ့မလား. . . (မရောက်နိုင်ပါဘူးဘုရား)၊ ဘယ်နည်းနဲ့မှမရောက်နိုင်ဘူးဆိုတာ ပေါ်လာကြပြီလား. . . (ပေါ်လာပါပြီဘုရား)။

## ဗြဟ္မာပြည်မှာ ဟောတယ်

ဒါဖြင့် ဒကာ ဒကာမတို့ အဘိဘူဆိုတဲ့ သိခီမြတ်စွာဘုရား၏ တပည့် ဗြဟ္မာပြည်မှာသွားပြီး ဟောတယ် အဘိဘူဆိုတဲ့ရဟန်းက အာရဗ္ဘထ အားထုတ်ကြပါ ဖြစ်ပျက်အားထုတ်ကြပါ. . . (မှန်လှပါဘုရား)။

နိက္ကမထ-ပျင်းရိ၍ မနေလိုက်ပါနဲ့၊ပျင်းရိတဲ့ဒေါသအနုဖြစ်တဲ့ ကောသဇ္ဇအစရှိသည်တို့ကို နှင်ထုတ်လိုက်ကြပါ. . . (မှန်လှပါ ဘုရား)။

ယုဉ္ဇထ ဗုဒ္ဓ သာသနေ- ဘုရားသခင်ကိုယ်တော်မြတ်အဆုံးအမ၌၊ ဓုနာထ မစ္စုနော သေနံ၊ မစ္စုနော-သေမင်း၏၊ သေနံ-စစ်သည် ဖြစ်တဲ့(ဝါ) ပို့ဆောင်တတ်တဲ့ သေမင်းတမန်ဖြစ်တဲ့ တဏှာ၊ ဉပါဒါန်၊ကံ တို့ကို ဓုနာထ- မဂ်နဲ့ချေမှုန်းပစ်

ကြ. . . (မှန်လှပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ဘုရားအဆုံးအမလိုက်နာကြ

ဘာနဲ့ချေမှုန်းပစ်ရမှာတုံး. . . (မဂ်နဲ့ ချေမှုန်းပစ်ရမှာပါဘုရား)၊မဂ်ပေါ်လို့ရှိရင် လာသေးရဲ့လား. . . (မလာပါဘူးဘုရား)။

စဉ်းစားကြည့်ပါတဲ့ တဏှာချုပ်တော့ ဥပါဒါန်ချုပ်၊ ဥပါဒါန် ချုပ်တော့ ကံချုပ်၊ ကံချုပ်တော့ ဇာတိ၊ ဇရာ၊ မရဏကော. . . (ချုပ်ပါတယ်ဘုရား)၊ မရှင်းသေးဘူးလား. . . (ရှင်းပါတယ်ဘုရား)။

အဲ့ဒါတွေ ခင်ဗျားတို့ အားထုတ်လို့ ပျင်းရိတာတွေကိုဖြုတ်ပစ်တဲ့အတွက်၊ မြတ်စွာဘုရား၏ အဆုံးအမအတိုင်း လိုက်နာတဲ့အတွက် သေမင်းတမန်တွေ ချေမှုန်းတဲ့အတွက် သေမင်းနဲ့မတွေ့ရပါဘူး. . . (မှန်ပါဘုရား)။

## ဒါတွေအားမကိုးကြနဲ့

သေမင်းတမန်တွေ ချေမှုန်းတဲ့အတွက်. . . (သေမင်းနဲ့မတွေ့ရပါဘူးဘုရား)၊ ခုတော့ ခင်ဗျားတို့က သမီးလေးသေသွားမှာ၊ သားလေးသေသွားမှာ စိုးရိမ်တဲ့အတွက်တဲ့ ဆရာဝန်တွေအားကိုးကြ၊ ဗမာဆရာ အားကိုးကြ၊ဓာတ်ရိုက်၊ ဗိန္ဒောတွေ

အားကိုးကြ၊ မိမိသေမှာ ကြောက်ပြန်တော့လည်း ဒါတွေပဲ အားကိုးကြတယ်. . . (မှန်လှပါဘုရား)။

ဟာ!. . . ဒါတွေက ဥပထမ္ဘက အထောက်အပံ့သာဖြစ်တာ တကယ်သေမင်းဆီပို့တာက တဏှာ၊ ဥပါဒါန်၊ ကံတွေကပို့နေတာ. . . (မှန်လှပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဘယ်သူက ပို့ပါလိမ့်. . . (တဏှာ၊ ဥပါဒါန်၊ ကံကပို့ပါတယ်ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကပို့မှတော့ တဏှာ၊ ဥပါဒါန်၊ကံတွေကိုကျုပ်တို့က မင်္ဂနဲ့ချေမှုန်းပစ်လိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်တဲ့ ဦးလှဘူးရေ ပို့မယ့်သူ ရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## သေမှာစိုးရင် ဒီသုံးယောက်သတ်

ပို့မယ်သူ မရှိတော့ ကျုပ်တို့ခန္ဓာကြီးက မရောက်ရဘူး. . . (မရောက်ရပါဘူးဘုရား)၊ ဇာတိ၊ ဇရာ၊ မရဏဆိုတဲ့ သေမင်းသုံးယောက်ဆီ ရောက်သေးရဲ့လား. . . (မရောက်ပါဘူးဘုရား)။

အဲဒီတော့ ဒါတွေကို သားသမီးတွေ ခင်လို့ရှိရင် သေမှာစိုးလို့ရှိရင် ဒီသုံးယောက်သတ်ပော့. . . (မှန်လှပါဘုရား)၊ မိမိ

ကိုယ်မိမိသနားရင်ကော. . . (ဒီသုံးယောက် သတ်ရမှာပါဘုရား)၊ဒီသုံးယောက်သတ်ဆိုတော့ ဒီမဂ် အလုပ်လုပ်ပါမှရမယ်. . . (မှန်လှပါဘုရား)။

ဒီမဂ်အလုပ်မလုပ်လို့ရှိရင်. . . (မရပါဘူးဘုရား)၊ ဘယ်နည်းနဲ့မှမရပါဘူးဆိုတာ သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

## သားသမီး ခင်ရင် ဝိပဿနာ လုပ်ခိုင်း

ဒါဖြင့်တဲ့ သားသမီးခင်ရင် ဝိပဿနာ လုပ်ခိုင်းပါ. . . (မှန်လှပါဘုရား)၊သားသမီးများ သေမင်းဆီမအပ်ချင်ကြရင်. . . (ဝိပဿနာအလုပ်ခိုင်းရမှာပါဘုရား)။

မိမိခန္ဓာကိုယ်ကြီး သေရမှာ ကြောက်လို့ရှိရင်. . . (ဝိပဿနာလုပ်ရမှာပါဘုရား)၊သူတစ်ပါး ဆွေမျိုးညာတကာတို့ကို သေမှာပြုမှာ စိုးရိမ်ခဲ့လို့ရှိရင်. . . (ဝိပဿနာ လုပ်ခိုင်းရမှာပါဘုရား)၊ ဝိပဿနာ လုပ်ခိုင်းဖို့ရန်တိုက်တွန်းရမယ်. . . (မှန်လှပါဘုရား)၊သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဒါပြင် နည်းကဖြင့် ကာကွယ်ရေး နည်းအကြီးစား မရှိတော့ဘူးလို့ ဆုံးဖြတ်ချက်ချပါ. . . (မှန်လှပါဘုရား)၊ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

## တရားနာဖို့ တိုက်တွန်းပါ

ဒါဖြင့် ဦးလှဘူးတို့ ကိုယ်၏ စောင်မခြင်း၊ စိတ်၏ စောင်မခြင်း၊ မင်းစောင်မပါတယ်ဆိုရင် ကိုယ်၏ စောင်မခြင်း ဖြင့်လည်း ဝိပဿနာ တရားအားထုတ်ခိုင်း၊ စိတ်၏စောင်မ ခြင်းဖြင့်လည်း စိတ်နဲ့ စောင်မတယ်ဆိုသဖြင့် ငါပြောတယ်ဆိုတဲ့ စိတ်နဲ့ပဲသွားပြီး တရားအားထုတ်၊ တရားနာပေ့ ဒါပဲ တိုက်တွန်းမှသာလျှင် သူ့အသေလွတ်ကို ကိုယ်သည် မေတ္တာဖို့ ရာလည်းရောက် ဒကာကြွယ်ရေ သနားရာကော. . . (ရောက်ပါ တယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ စစ်သည်ဖြစ်တဲ့ တကျော၊ ဥပါ ဒါန်၊ ကံတွေကို ဓုနာထ ပောဒီ မင်္ဂနဲ့ ချေမှုန်းလိုက် ကြ. . . (မှန် လှပါဘုရား)၊ မပေါ်သေးဘူးလား. . . (ပေါ်ပါ ပြီဘုရား)။

သေမင်းသုံးယောက်ဆီပို့တတ်တဲ့ တဏှာ၊ ဥပါဒါန်၊ ကံတို့ကို ဓုနာထ-ဖြစ်ပျက်ရှုတဲ့ မင်္ဂနဲ့ ချေမှုန်းပစ်လိုက်. . . (မှန်လှပါဘုရား)။

## ကျူပင်အိမ်ကို ဆင်နှင့်နင်းလိုက်သလို

ဘယ်လိုချေမှုန်းရမှာလည်းဆိုတော့ ကလေးတွေ ကစားတဲ့ ကျူပင်ကို အိမ်လုပ်ထားတာကို ဆင်ပြောင်ကြီး နင်းလိုက်လို့ ရှိရင်ဖြင့်ဒကာကြွယ်ရ ခံနိုင်ပါ့မလား. . . (မခံနိုင်ပါဘူးဘုရား)။

အဲဒီလိုပဲတဲ့ မင်းတို့ မဂ်နဲ့သာ နင်းလိုက်လို့ရှိရင် တဏှာ၊ ဥပါဒါန်၊ကံတွေဟာ ပျောက်ထွက်သွားတာပဲ. . . (မှန်လှပါ ဘုရား)။

## ဝိပဿနာရှုဖို့ မမေ့ကြနဲ့

ဘာနဲ့ နင်းရမှာတုံးဆိုတော့ ယော ဣမသ္မိံ ဓမ္မ ဝိနယေ၊ ယော-အကြင်ပုဂ္ဂိုလ်သည် ဣမသ္မိံဓမ္မဝိနယေ- ဤ ဝိပဿနာ ရှုရမယ်ဆိုတဲ့ ဓမ္မ အဆုံးအမဥ္ဇ အပ္ပမတ္တော မမေ့ဘဲနဲ့နေကြသည် ဝိဟာဿတိ ဖြစ်ရ၏။

ပဟာယ ဇာတိ သံသာရံ သေမင်းဆိုတဲ့ ဇာတိ၊ ဇရာ၊ မရဏ သံသရာကြီးကို ပဟာယစွန့်၍ သစ္စိ ကရိဿတိ မသေရာကိုမင်းတို့ညဏ်နဲ့ မျက်မှောက်ပြုနိုင်လတ္တံ့. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒါဖြင့် မသေချင်ကြရင် သေမင်းတမန် ချေမှုန်းကြ. . . (မှန်လှပါဘုရား)၊ မသေချင်ကြရင်. . . (သေမင်း တမန်ချေမှုန်း ရမှာပါဘုရား)။

နို့မဟုတ်လို့ရှိရင် သိန်း(၁၀၀)ရှိလည်း သိန်း(၁၀၀) ထားပြီး သေမင်းတမန်က သေမင်းဆီပို့တဲ့တရား မင်း သိန်း(၁၀၀) မင်း အိမ်ထားပစ်ခဲ့၊ လိုက်ခဲ့ကွ. . . (မှန်လှပါဘုရား)၊ သေမင်းဆီပို့ လိုက်တာ. . . (မှန်လှပါဘုရား)။

မင်း. . . သားတွေ သမီးတွေ အပြုံးအရုံ၊ အပြိုင်းအရိုင်း တွေရှိတယ် ဘီအေအိုင်အေ ဘီကွန်းတွေအကုန်ရှိတယ်၊ ဟို. . . အဲ့ဒီကြားကပဲ သေမင်းတမန်က တဏှာ၊ဥပါ ဒါန်၊ကံက ခေါ်သွားတာပဲ. . . (မှန်လှပါဘုရား)၊ သေမင်းဆီပို့လိုက်တာပဲ။

မင်းဟာတွေ မင်းက အားကိုးရလိမ့်မယ်လို့ ထင်တာ တွေကဘာမှ မင်းနဲ့မဆိုင်ဘူး၊မင်းသေမင်းတမန်မှ မချေမှုန်း ဘဲကိုး. . . (မှန်လှပါဘုရား)၊တို့ချေမှုန်းလို့ရှိရင်တို့မခေါ်ဘူး။

ခုတော့ တို့ မချေမှုန်းတဲ့အတွက် တို့က မင်းခေါ် ရလိမ့်မယ်ဆိုပြီးခေါ်ပြီး ဇာတိ၊ဇရာ၊မရဏဆီပို့လိုက်တာပဲ ဒကာသစ်ရေ. . . (မှန်လှပါဘုရား)၊ ဘာကများ တားနိုင် ဆီးနိုင် သေးသတုံး. . . (ဘာကမှမတားနိုင်၊မဆီးနိုင်ပါဘုရား)။

ဆရာဝန်တွေ အမ်၊ဘီ၊ဘီအက်(စ်)တွေ အမျိုးမျိုးအဖုံဖုံ ဆရာဝန်ကြီးတွေ ရှိကြပါတယ်။ အဲ့ဒီ ဂုဏ်ထူးဘွဲ့ထူးတွေ နောက်ဆက်တွဲကိုပဲ စာလုံးတွေအရှည်ကြီးနဲ့ အမ်ဘီဘီအက်(စ်) တွေမကတဲ့ ဒါတွေကြားထဲကနေပြီး သကာလလည်း သေမင်း တမန်သုံးယောက်က တဏှာ၊ဥပါဒါန်၊ကံတို့က အင်း. . . သေမင်းရှိရာ ပို့လိုက်တာပဲ. . . (ပို့ပါတယ်ဘုရား)။

## ကံကုန်တော့ မတတ်နိုင်ဘူးတဲ့

အဲဒီတော့ သူများက ဘယ်နှယ်ပြောသတုံးဆိုတော့ ကံကုန်တော့လည်း ကျုပ်တို့ မတတ်နိုင်ဘူးဆိုတော့ ကံပဲပုံချတယ်. . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သေမင်းတမန်နဲ့ သေမင်းနဲ့ ဘယ်ဟာ ချေမှုန်းမှ ကျုပ်တို့သည် ခရီးပေါက်ပါ့မလဲဆိုတာ ယနေ့တရားတွေးပါ. . . (မှန်လှပါဘုရား)။

ဘယ်လိုတွေးပစ်ရမတုံး၊ သေမင်းတမန် ချေမှုန်းမှသာ လျှင်တဲ့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေလိုရာခရီးအပြီးတိုင်ရောက်ပါတယ်. . . (မှန်လှပါဘုရား)၊ နို့မဟုတ်ရင် ရောက်နိုင်ပါ့မလား. . . (မရောက်နိုင်ပါဘူးဘုရား)။

## သူများပြောတာ မယုံနဲ့

အဲ့ဒါကြောင့် သူများပြောတာမယုံနဲ့ ဘုရားဟောတာနဲ့ ဆရာသမားပြောတာယုံကြ. . . (မှန်လှပါဘုရား)။

အရပ်ကတော့ဖြင့် ငွေလေးဘာလေး စုထားနော်၊ အိုနာစာ ဆိုတာကြီးရှိတယ်. . . (မှန်လှပါဘုရား)၊ အရပ်ပြောကလေဗျာ. . . (မှန်လှပါဘုရား)။

အရပ်ပြောက ဘယ်လိုများ ပြောလေ့ရှိပါလိမ့် အိုနာစာ အရေးကြီးတယ်ဆိုတာသာပြောတယ်၊ သေမင်းတမန်တွေကို

တော့ မျက်စောင်းထိုးလို့မှမပြောဘူး၊ ပို့မှာက သူတို့ကပို့မှာ၊ အိုနာစာကတော့ အိုရင်း မတ္တနဲ့ သေသွားလို့ အိုစာကျန်နေရစ်တယ်. . . (မှန်လှပါဘုရား)။

နာရင်းမတ္တနဲ့နာတာရှည်ဖြစ်သွားလို့ ရှိတာလေးတောင်မကုန်လိုက်ခင် သေသွားရတယ်. . . (မှန်လှပါဘုရား)၊ ဦးဘအုန်း ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

အင်း. . . အိုတာတောင်မှ အအိုနည်းတာနဲ့ အအိုအတွက်ထားတဲ့ ရန်ပုံငွေကလေးမကုန်ဘဲနဲ့ သေသွားရတယ်. . . (မှန်လှပါဘုရား)။

## ပင်စင်စားတွေ

ပင်စင်စားတွေ ကြည့်ပါလား၊ အသက်မစေ့ဘဲနဲ့ ပင်စင်နှစ်မစေ့ဘဲနဲ့ သေသွားရတယ်. . . (မှန်လှပါဘုရား)၊ မသေဘူးလား. . . (သေပါတယ်ဘုရား)။

အိုနာစာဟာအိုအောင် ဆိုင်းရဲ့လား. . . (မဆိုင်းပါဘူးဘုရား)၊အိုနာစာကကော တားနိုင်ရဲ့လား. . . (မတားနိုင်ပါဘူးဘုရား)။

အဲ. . . သေမင်းတမန် ချေမှုန်းရင်တော့ဖြင့် တားနိုင်ပါတယ်. . . (မှန်လှပါဘုရား)။ကဲ. . . ဒကာ ဒကာမတို့ အိမ်မှာလုပ်ကိုင်ရောင်းဝယ်နေကြတဲ့ ပစ္စည်းတွေဟာ အင်း. . . ဒါအရင်း

ထဲ ထည့်ကွာ၊ ဒါကတော့ အိုနာစာကလေး ထားဦးဟေ့။

အင်း. . . အိုနာစာထားဦးဆိုတော့ ဒီခန္ဓာကြီးအတွက် ပြောတာပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ ဒကာကြွယ်ဘယ်သူ့ အတွက်ပါလိမ့်. . . (ခန္ဓာကိုယ်ကြီးအတွက်ပါဘုရား)။

## ပစ္စည်းကုန်အောင် ငါမစောင့်ဘူးတဲ့

ခန္ဓာကြီးအတွက် ပြောတော့ ခန္ဓာကြီးက မင်းပစ္စည်း ကုန်အောင်ငါမစောင့်ဘူးဆိုပြီး အတင်းအိုချတယ်. . . (မှန်လှပါ ဘုရား)။ နာစာလို့ ထားပြန်တော့လည်း မင်းနာစာတွေ မကုန်ခင် ငါနာလိုက်မယ်ဆိုပြီး သေပွဲဝင်ပြတယ်. . . (မှန်လှပါဘုရား)။

ကဲ. . . ခင်ဗျားတို့ထားကျိုး နပ်သေးရဲ့လား. . . (မနပ်ပါ ဘူးဘုရား)။

## အိုနာစာက မကယ်နိုင်လို့

ဒါဖြင့် ဒီ. . . ဘယ့်နှယ့်ကြောင့် သေရပါလိမ့်မတုံးလို့ အမေးထုတ်တဲ့အခါကျတော့အိုနာစာက မကယ်နိုင်လို့. . . (မှန်လှပါဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး. . . (အိုနာစာက မကယ်နိုင်လို့ပါဘုရား)၊ဒကာကြွယ်တို့က လူကြီးတွေလုပ်ပြီး သမီးတွေကသုံး၊ခင်ပွန်းမတွေကသုံး၊ မင်းတို့ကြည့် လုပ်ကြနော်

ရှေ့ရေးရှိသေးတယ်. . . (မှန်လှပါဘုရား)။

ရှေ့ရေးဆိုတာက အိုနာစာရေးရှိသေးတယ်. . . (မှန်လှပါဘုရား)၊ဘာတဲ့. . . (အိုနာစာရေးရှိပါသေးတယ်ဘုရား)။

## မအိုခင်သေသွားမှာ သူမသိဘူး

မအိုခင်သေသွားမှာလည်း သူမသိဘူး. . . (မသိပါဘူးဘုရား)၊နာတာရှည်ဖြစ်ပြီးမနေဘဲနဲ့နာတာတိုနဲ့ သေသွားမှာလည်းသူမသိဘူး၊အလကားသာ လူကြီးလုပ်ပြီးသကာလ ကြည့်လုပ်ကြ ကြည့်လုပ်ကြ။

အံမလေး လူကြီးပီပီများ သုံးနေလိုက်သေးတယ်. . . (မှန်လှပါဘုရား)၊မသုံးကြဘူးလား ဒကာ ဒကာမတို့. . . (သုံးကြပါတယ်ဘုရား)။

## ရှေ့ရေးဆိုတာ အိုနာစာပြောတာ

ကလေးတွေက အသုံးအဖြုန်းကြီးလာလို့ရှိရင် မင်းတို့ခက်ပါသေးတယ်ကွာ ရှေ့ရေးလည်းမသိ၊ ဘာရေးလည်းမသိ၊ ရှေ့ရေးဆိုတာအိုနာစာပြောတာပဲ. . . (မှန်လှပါဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ချက်ချင်းအိုပြီးသကာလ သုသာန်ပြေးလိုက်မယ်လို့လည်းခဏခဏ ပြောတယ်. . . (မှန်လှပါဘုရား)။

ချက်ချင်းနာပြီးသကာလ ဆေးနဲ့မတားနဲ့ ကျုပ်သွားတော့မယ်ဆိုတာကော. . . (ပြောပါတယ်ဘုရား)၊ ပြောတဲ့အခါကျတော့ သေမင်းဆီထိုးမအပ်ရပေဘူးလား. . . (အပ်ရပါတယ်ဘုရား)။

ဘယ်သူကထိုးအပ်လိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အို နာစာနဲ့ ထိုးအပ်လိုက်တာလား၊ တဏှာ၊ဥပါဒါန်၊ ကံက ထိုးအပ်လိုက်တာလား. . . (တဏှာ၊ ဥပါဒါန်၊ ကံက ထိုးအပ်လိုက်တာပါဘုရား)။

## ခဲလေသမျှ သဲရေကျပါပဲ

ဩော်. . . ခဲလေသမျှ သဲရေကျပါပဲ၊ အိုနာစာ ထားတာတွေကိုယ်ကျိုးနည်းကုန်ပြီ၊ ကုန်ကိုမကုန်ဘူး. . . (မှန်လှပါဘုရား)။

အဲဒီမှာတစ်ခါတည်း ဆိုင်ရာတွေက အမွေခွဲပြီးတော့များ ယူလိုက်ကြသေးတယ်တို့ အိုနာစာဖြစ်အောင်ဆိုပြီး. . . (မှန်လှပါဘုရား)၊ဒီလိုကော မယူကြဘူးလား. . . (ယူပါတယ်ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## သေမင်းတားနိုင်တာကို မလုပ်ဘဲနဲ့.

အမလေး. . . ဒကာ ဒကာမတွေဟာ ဖြစ်မှဖြစ်ရလေလို့. သေမင်းတမန်တော့မသတ်ဘဲနဲ့. အိုနာစာကိုသာ အရေးတကြီး ထားနေကြတော့ မတားနိုင်တာကို အရေးတကြီးထားပြီးတော့ ကို တားနိုင်တာကို မလုပ်ဘဲနေတာ အံ့စရာကောင်းလိုက်တဲ့ဖြစ် ခြင်း မပြောပါနဲ့.တော့. . . (မှန်လှပါဘုရား)၊သဘောပါကြပြီ လား. . . (ပါပါပြီဘုရား)။

ဒကာကြွယ်ကြီးတို့ ခုထက်တိုင်မပါးသေးဘူးထင် တယ်. . . (မပါးခဲ့ပါဘူးဘုရား)၊မပါးခဲ့ဘူး၊ခုတော့ပါးပြီလား. . . (ပါးပါပြီဘုရား)။

မြို့ထဲ သေသွားတဲ့ ပုဂ္ဂိုလ်များ ဒကာသစ်လိုက်ပြီး မသာ မေးစမ်းပါဦး၊အိုစာကုန်သွားလို့ သေတာလား. . . မဟုတ်ဘူး၊ နာစာကုန်သွားလို့ သေတာလား. . . (မဟုတ်ပါ ဘူးဘုရား)၊ဆန် အိတ်ကြီးတွေ ထောင်ထားလျက်ပဲ. . . (မှန်လှပါဘုရား)၊ သူ့မ သာတောင်ပြုရသေးတယ်. . . (မှန်လှပါဘုရား)။

အဲ့ဒီတော့ အိုနာစာတွေက မကာကွယ်နိုင်ဘူး၊ ကာကွယ် နိုင်တဲ့ သေမင်းတမန်ဖြစ်တဲ့ တဏှာ၊ဥပါဒါန်၊ ကံတွေကိုမင်္ဂနဲ့. ချေမှုန်းပစ်လိုက်လို့ရှိရင် သူတို့ ပို့နိုင်သေး ရဲ့လား. . . (မပို့နိုင်ပါ ဘူးဘုရား)။

မပို့နိုင်တော့ ဒါမှ အိုနာစာရန်ပုံငွေအစစ်ကိုး. . . (မှန်လှ ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## အိုနာစာရုံပုံငွေဟာ ဘာပါလိမ့်

အိုနာစာ ရန်ပုံငွေဟာဘာပါလိမ့်. . . တဏှာ၊ ဥပါဒါန်၊ ကံကိုချေမှုန်းတဲ့အလုပ်သည် အိုနာစာ ရန်ပုံငွေ အစစ်. . . (မှန်လှပါဘုရား)။

အိုနာစာ၊အသေတောင်ထည့်ဦး၊ အသေမရှိတဲ့အတွက်တဲ့ အအို၊အနာ၊အသေလွတ်တဲ့ ရန်ပုံငွေအစစ်. . . (မှန်လှပါဘုရား)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရန်ပုံငွေကို မစုတတ်သေးပါဘူး. . . (မှန်လှပါဘုရား)၊ ဟိုအာမခံကလိမ်တာ အဟုတ်မှတ်နေ. . . (မှန်လှပါဘုရား)၊ အာမခံကုမ္ပဏီကလည်း သူလိမ်တာကို ခင်ဗျားတို့ကမသိဘူး၊သူက ကုန်ကူးတာ၊ ခင်ဗျားတို့အတွက် တာဝန်ခံပါ့မယ်၊ခင်ဗျားတို့ အိမ်တာဝန်ခံပါ့မယ်၊ မီးတာဝန်ခံပါ့မယ်နဲ့ အာမခံကုမ္ပဏီက သူက ခင်ဗျားတို့ကို တကယ်အိုတာ၊တကယ်နာတာ၊တကယ်သေတာကို တတ်နိုင်သလား၊ သူကုန်ကူးတာလား. . . (သူ ကုန်ကူးတာပါဘုရား)။

အဲ့ဒါ ကျုပ်တို့ ဒါရှိသားပဲဆိုရင် သူကုန်ကူးတာ ဒါရှိသားပဲဆိုရင် ဒီထက်မိုက် ဘယ်ရှာတွေ့တော့မတုံး. . . (မတွေ့ပါဘူး ဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။ ဦးဘအုန်းကြီးတို့ ခုမှ ရိပ်မိတော့တယ်. . . (မှန်လှပါဘုရား)။

စင်စစ်တော့ဖြင့် အိုနာစာ ရန်ပုံငွေဆိုပြီးသကာလ ဘဏ်မှာ ဘဏ်စာအုပ်နဲ့ပဲသွင်းသွင်း၊ ချက်နဲ့ပဲထားထား၊

ထားနိုင်ကြပါတယ်၊ အမျိုးမျိုးအဖုံဖုံ ထားနည်းအမျိုးမျိုးရှိပါတယ်။

အဲ့ဒါ အိုနာစာ ရန်ပုံငွေ၊ အဲ့ဒါတွေ ကုန်သွားလို့လည်း ဘဏ်ကတောင် မထုတ်လိုက်ရဘူး၊ ဒီက အသေစောနေတယ်. . . (မှန်လှပါဘုရား)၊ဘယ့်နှယ်ဖြစ်နေသတုံး. . . (အသေစောနေပါတယ်ဘုရား)။

## ရန်ပုံငွေ အစစ်သိကြပြီလား

ဘယ့်နှယ်တုံး ရန်ပုံငွေတွေက တတ်နိုင်ရဲ့လား. . . (မတတ်နိုင်ပါဘူးဘုရား)၊ ဒါဖြင့် ရန်ပုံငွေ အစစ်ယနေ့သိပြီလား. . . (သိပါပြီဘုရား)။

ကဲ. . . ဒကာသစ် ဘာပါလိမ့်. . . (တဏှာ၊ ဥပါဒါန်၊ ကံ ချေမှုန်းရမှာပါဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ချေမှုန်းတဲ့ အလုပ်သည် အိုနာစာရန်ပုံငွေ အစစ်. . . (မှန်လှပါဘုရား)။

အို၊ နာ၊ စာရန်ပုံငွေ အစစ်ဟာ ဘယ်သူပါလိမ့်. . . (တဏှာ၊ ဥပါဒါန်၊ ကံချေမှုန်းတဲ့ အလုပ်ပါဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကံ ချေမှုန်းတဲ့အလုပ်. . . (မှန်လှပါဘုရား)။

အမလေး ခုမှအာမခံအစစ်တွေ့ပေတော့တယ်. . . (မှန်လှပါဘုရား)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဟိုကုန်ကူးတဲ့ အာမခံကခင်ဗျားတို့ ကျေးဇူးအလိုရှိလို့လား၊သူ့အမြတ်လိုချင်လို့လား. . . (သူ့အမြတ်လိုချင်လို့ပါဘုရား)။

အဲ့ဒါကျတော့ ခင်ဗျားတို့က ဆရာကြီး ကျုပ်အိမ်ကို အပေါင်ခံစမ်းပါ၊ ကျုပ်အသက်၊ အသွေးစမ်းပြီး လက်ခံစမ်းပါဦး၊ အမလေး. . . တောင်းတောင်းပန်ပန်များ၊ ဟိုမှာလူများပြီး ငွေ ကုန်နေပြီဗျ၊ လက်မခံနိုင်ဘူးဆိုရင် မလုပ်ပါနဲ့လေ ဒီနှစ်ကလေး မှိပရစေ၊အစရှိသည်နဲ့ခင်ဗျားတို့ဟာကကုန်ဖူးတဲ့ဆီကျတော့ခန္ဓာ ထိုးအပ်တယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

တကယ်လွတ်မြောက်မယ့်နေရာကျတော့မလုပ်ဖြစ်. . . (မှန်လှပါဘုရား)၊ ဟာ. . . ဘယ့်နှယ်ဖြစ်နေတာပါလိမ့် ဒကာကြွယ်ကြီးတို့. . . (မသိဘဲနဲ့ လမ်းလွဲနေပါတယ်ဘုရား)၊ မသိဘဲနဲ့ လမ်းလွဲနေလို့။

ကဲ. . . ယနေ့ကစပြီး အိုနာစာ လွတ်ရေးကျွတ်ရေး ရန်ပုံ ငွေ အစစ်ကို အလိုရှိပါမှုကား မင်္ဂနဲ့ တဏှာ၊ ဉပါဒါန်၊ ကံ ချေမှုန်း. . . (မှန်လှပါဘုရား)။

ဒကာသစ်ဘာလုပ်ရမတုံး. . . (မင်္ဂနဲ့တဏှာ၊ ဉပါဒါန်၊ ကံကိုချေမှုန်းရမှာပါဘုရား)၊ မင်္ဂနဲ့ တဏှာ၊ ဉပါဒါန်၊ ကံတွေ ချေမှုန်းလိုက်တော့ သေမင်းတမန်တွေက မသေဘူးလား. . . (သေပါတယ်ဘုရား)။

ကိုင်း. . . ဒါဖြင့်ပို့မယ့်သူသေတော့ ရောက်စရာကျုပ် တို့ကို ပို့မယ့်လူ သေသွားတဲ့အခါကျတော့ကိုတဲ့ သေမင်းသည် ကျုပ်တို့ကို စောင့်ကြြားသော်လည်း ပို့မယ့်သူမရှိလို့ သေမင်းကို

တေ်သေ သေသွားတယ်. . . (မှန်လှပါဘုရား)။

ကျုပ်တို့မစားရလို့. . . (မှန်လှပါဘုရား)၊ (၃၁)ဘုံသား တွေမစားရလို့တေ်သေ သေမသွားဘူး လား. . . (သေသွားပါ တယ်ဘုရား)။

တေ်သေ သေသွားတော့ ဒီကနေမဂ်မျက်လုံးနဲ့ တပ်ကြည့် လိုက်စမ်း၊ ဩော်. . . ဟိုနေရာမှာ သေမင်းမရှိဘူး၊ သေမင်း လွတ်တဲ့နေရာဆိုတာဒါပဲ. . . (မှန်လှပါဘုရား)။

တဏှာ၊ဥပါဒါန်၊ကံသေတော့ သူ့မြင်ရတယ်. . . (မှန်လှ ပါဘုရား)၊ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အိုနာစာရန်ပုံငွေနဲ့ ဒကာ ဒကာမတို့ အားနဲ့မတားနိုင် မဆီးနိုင်ဆိုတာဘဏ်နဲ့ တန်းလန်း၊ ဟိုအပ်ထား ဒီအပ်ထားတာတွေနဲ့တန်းလန်းနဲ့ သေသွားကြ တာ. . . (မှန်လှပါဘုရား)။

မသေကြဘူးလား. . . (သေပါတယ်ဘုရား)၊ဘာကြောင့်ပုံး အို၊နာ၊စာရန်ပုံငွေ မဖြစ်လို့. . . (မှန်လှပါဘုရား)။ အိုတာမတား နိုင်ကြ၊နာတာကော. . . (မတားနိုင်ပါဘူးဘုရား)၊သေတာ ကော. . . (မတားနိုင်ပါဘူးဘုရား)။

သေတဲ့အခါကျတော့ ကျုပ်ဆီမအပ်ပါဘူးတောင် လုပ်လိုက်သေး ရန်ပုံငွေမဖြစ်ပါဘူး. . . (မဖြစ်ပါဘူးဘုရား)၊ ဖြစ်သေးရဲ့လား. . . (မဖြစ်ပါဘူးဘုရား)။

ဒကာကြွယ်၊ အပ်ကြည့်စမ်း ယုံကြည်တဲ့ သူဆီ၊ သေတော့

ကျုပ်ဒါလေးနဲ့ငွေတစ်သောင်းနဲ့ချပါဗျာ၊ တစ်သောင်းကုန်တော့ ချပါအပ်ကြည့်၊သေတော့မအပ်ဘူး ပြောချည်ရဲ့၊မပြောဘူးလား ပြောမလား. . . (ပြောပါတယ်ဘုရား)။

ဒါဖြင့် သေဘေးတားနိုင်ရဲ့လား. . . (မတားနိုင်ပါဘူး ဘုရား)၊ကျုပ်တကယ်နာနေတယ်ဗျာဒီကထုတ်ပေးပါဗျာဆိုတော့ ကော နာနေတဲ့အခါကျတော့ ကျုပ်ကမလိုသေးလို့ဆိုပြီး နေချင် နေဦးမှာ. . . (မှန်လှပါဘုရား)၊ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့တကယ်မတားနိုင်တာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)၊အဲ့ဒါကြောင့် အိုနာစာ ရန်ပုံငွေသည် ဒကာ ဒကာမတွေ လက်လွှဲပြီး သကာလ သေမင်းတမန်ဖြစ်တဲ့ အိုအောင်၊နာအောင်၊သေတဲ့ဆီကိုပို့တတ်တဲ့သေမင်းတမန်ကို သာ ချေမှုန်းတဲ့အလုပ်သည်သာလျှင် အိုနာစာရန်ပုံငွေအစစ် ဖြစ်ပါတယ်. . . (မှန်လှပါဘုရား)၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ဒိပြင်ဟာတွေက ကြော်ငြာနဲ့ လွမ်းနေတာလို့ မှတ်ပါ. . . (မှန်လှပါဘုရား)၊စင်စစ်သူတို့ ကုန်ကူးတာ. . . (မှန်လှပါဘုရား)။

ခင်ဗျားတို့က အပ်လိုက်တဲ့ငွေ သူတို့က လှည့်ပြီး အတိုးချေးစားတာပဲ. . . (မှန်လှပါဘုရား)၊ သဘောပါပြီ လား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ မအိုအောင် မနာ

အောင်၊မသေအောင်ရန်ပုံငွေ လုပ်တတ်ပြီလား. . . (လုပ်တတ်ပါပြီဘုရား)၊ မိမိခန္ဓာဖြစ်ပျက်ရှုတော့ ဖြစ်ပျက်က ဖြစ်ပျက်၊ ရှုတာက. . . (မင်္ဂပါဘုရား)၊

ဟော. . . သေမင်းတမန်တွေကသေမသွားဘူးလား. . . (သေသွားပါတယ်ဘုရား)၊ ဟော. . . သေမင်းတမန်သေသွားတော့ အိုစရာ၊ နာစရာ၊ သေစရာဆီရောက်အောင် ပို့နိုင်သေးရဲ့လား. . . (မပို့နိုင်ပါဘူးဘုရား)။

မပို့နိုင်တော့ ဒီမှာတဏှာနိရောဓော၊ ဥပါဒါန်နိ ရောဓော၊ ကမ္မနိရောဓောဆိုတော့ နိဗ္ဗာန်လာဖြစ်သွားတယ်. . . (မှန်လှပါဘုရား)၊ မဖြစ်ဘူးလားဗျာ. . . (ဖြစ်ပါ တယ်ဘုရား)။

## မပျင်းရိကြပါနဲ့အားထုတ်ကြပါ

ဒါကြောင့် အာရဒ္ဓထ နိက္ကမထ ယုဥ္ဇထ ဗုဒ္ဓ သာသနေ မြတ်စွာဘုရားအဆုံးအမပါကွာ၊အားထုတ်ကြပါ၊မပျင်းရိကြပါနဲ့ သိခ်ီဘုရား၏ တပည့်သားကဟောတယ်. . . (မှန်လှပါဘုရား)။

ဓုနာထမစ္စုနောသေန် သေမင်း၏တမန်ဖြစ်တဲ့တဏှာ၊ ဥပါဒါန်၊ကံတို့ကိုချေမှုန်းကြစမ်းပါ. . . (မှန်လှပါဘုရား)။

နဠာဂါရံဝ ကုဥ္ဇရော- ကျူပင်နဲ့ ဆောက်ထားတဲ့အိမ်ကို ဆင်ပြောင်ကြီး ချေသလို၊ ကွာ. . . မဂ်နဲ့တဏှာ၊ ဥပါဒါန်၊ ကံတွေ ချေလိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

## မဂ်ပေါ်အောင်လုပ်ပါ

တယ်လည်းကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)၊ ယောဂက္ကမသို့ ဓမ္မဝိနယေအပွမတ္တော ဝိဟာသတိ-ခုဆုံးမတဲ့ အတိုင်းသာမင်းတို့လိုက်နာပြီးဖြစ်ပျက် ရှုပြီးမဂ်ပေါ်အောင်လုပ်၊ မဂ်ပေါ်အောင် လုပ်လို့ရှိရင် တဏှာ၊ ဥပါဒါန်၊ ကံတွေ ချေမှုန်းကြ မယ်ဆိုလို့ရှိရင်ဖြင့် ယောဂက္ကမသို့ဓမ္မဝိနယေ အပွမ တ္တော ဝိဟာသတိဇာတိ သံသရံ။

ဟိုဘက်က ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့ သံသရာကြီးကို ပယ်ပြီးသကာလ ဒုက္ခသ အန္တ ကရိဿတိ ဟောဒီသေမင်းဆိုတဲ့ ဒုက္ခအဆုံးကို အသေအချာမြင်ရလိမ့်မယ်. . . (မှန်လှပါဘုရား)။

## ဒုက္ခအဆုံးကိုမြင်ရလိမ့်မယ်

သေမင်းဟာ ဒုက္ခ၊ အဲ့ဒီ ဒုက္ခအဆုံးကို မင်းတို့မြင်ရ လိမ့် မယ်. . . (မှန်လှပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ မြင်ပုံလေးပြ ကြစို့. . . (မှန်လှပါဘုရား)။

## မြင်ပုံလေးပြကြစို့

မြင်ပုံလေးပြကြပါစို့ ဆိုတော့ ဟောဒီ ခန္ဓာငါးပါးကြီး ကို ဒကာ ဒကာမတွေက ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်လို့ ပေါ်ရာလိုက်ရှုစမ်း ဒကာကြွယ်ရေ. . .

(မှန်လှပါဘုရား)၊ ပေါ်ရာလိုက်ရှုနော်။

ဘယ်နေရာ ဝေဒနာပေါ်ရင် ဝေဒနာလိုက်ရှု၊ စိတ်ကြိုက်တဲ့ ပုဂ္ဂိုလ်ဟာ စိတ်ပေါ်ရာလိုက်ရှု၊ ကိုယ့်စိတ်ကို ရှုပေါ့ဗျာ. . . (မှန်လှပါဘုရား)၊ ကိုယ့်ဝေဒနာကိုယ်ရှုပေါ့ ဗျာ. . . (မှန်လှပါဘုရား)။

## တခြားကမ္ဘဋ္ဌာန်းရှာမနေပါနဲ့

တခြား ကမ္မဋ္ဌာန်း ရှာမနေပါနဲ့. . . (မှန်လှပါဘုရား)၊ ကိုယ့်ဝေဒနာကိုယ်ရှုတော့ ကမ္မဋ္ဌာန်းရှာရသေးရဲ့လား. . . (မရှာရပါဘူးဘုရား)၊ကိုယ့်စိတ်ကိုယ်ရှုတော့ တရားရှာရသေးရဲ့လား. . . (မရှာရပါဘူးဘုရား)။

အဲ့ဒါ ရှုရှု ရှုရှုနေတော့ ဖြစ်ပျက်၊ ရှုတာက မဂ်. . . (မှန်လှပါဘုရား)ဟုတ်ပြီလား၊ အရှုခံရတာက ဖြစ်ပျက် အရှုဉာဏ်ကမဂ်၊ အရှုခံရတာက. . . (ဖြစ်ပျက်ပါဘုရား)၊ အရှုဉာဏ်က. . . (မဂ်ပါဘုရား)။

## ဝိပဿနာမဂ်ကယာယီ

မဂ်ဖြစ်တော့ကိုတဲ့ ဝိပဿနာမဂ်ဖြစ်သွားပြီ. . . (မှန်လှပါဘုရား)၊ ဝိပဿနာမဂ်ဖြစ်ပြီး သကာလသွားတော့ ကိုင်း. . . ဝိပဿနာမဂ်နဲ့ဖြတ်တော့ကွာ သမင်း၏ ရန်သူတွေဖြစ်တဲ့

တဏှာ၊ ဥပါဒါန်၊ ကံတွေကိုတော့ဖြင့် ယာယီသာ ချေမှုန်းနိုင်သေးတယ်ကွာ၊ အပြီးသတ် မချေမှုန်းနိုင်သေးဘူးဆိုတော့ ကောင်းကောင်းမနိုင်သေးဘူးပြောတာ. . . (မှန်လှပါဘုရား)၊ သဘော ကျပြီလား. . . (ကျပါပြီဘုရား)။

## ဆက်ပြီးမှုန်းအောင်ရှု

ကိုင်း. . . ဒါဖြင့် ဒီဖြစ်ပျက်တွေကို ဒကာသစ်တို့ ဒကာကြွယ်တို့က မှုန်းအောင်ရှု. . . (မှန်လှပါဘုရား)၊ မှုန်းအောင်ရှုလိုက်တဲ့အခါကျတော့ သေမင်းတမန်တွေကို တော်တော်နိုင်ပြီ. . . (မှန်လှပါဘုရား)၊ တော်တော်နိုင်ပြီနော်. . . (မှန်လှပါဘုရား)။

နောက် ဒီဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာတွေပါလား ဒုက္ခသစ္စာမှတစ်ပါးတခြားမဟုတ်ပါလား၊ သေမင်းတွေပါလား သေအောင်သတ်နေတာ၊သူတို့ရှိလို့သေအောင်သတ်နေတာ. . . (မှန်လှပါဘုရား)။

## ဒုက္ခတွေပျောက်သွားတယ်

ဒီ ခန္ဓာငါးပါး ရှိရင် သေမင်းတွေဟာ ဒီခန္ဓာငါးပါးပဲ သူပဲ ဇာတိ၊ သူပဲ ဇရာ၊ သူပဲ မရဏာဆိုတော့ သေမင်းတွေ မဟုတ်လား. . . (မှန်လှပါဘုရား)။

ဒါဖြင့် သေမင်းဒုက္ခနဲ့ဖြင့် မနေချင်တော့ပါဘူးဆိုတော့ ဟောဒီသေမင်းဒုက္ခတွေ ပျောက်သွားတယ်. . . (မှန်လှပါဘုရား)၊ဒါဖြင့် ဟောဒီ ဒုက္ခ အဆုံးကို မတွေ့ရဘူးလား. . . (တွေ့ရပါတယ်ဘုရား)။

## ဒုက္ခအဆုံးကနိဗ္ဗာန်

ဒုက္ခအဆုံးကနိဗ္ဗာန်၊တွေ့ရတာက မဂ်ဉာဏ်. . . (မှန်လှပါဘုရား)၊ ဒုက္ခအဆုံးက. . . (နိဗ္ဗာန်ပါဘုရား)၊ တွေ့ရတာက. . . (မဂ်ဉာဏ်ပါဘုရား)။

ဒါကြောင့် ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင် ရှုဆိုတဲ့ ဥစ္စာ သေမင်းဆုံးအောင်ရှုပြောတာ. . . (မှန်လှပါဘုရား)၊ ဖြစ်ပျက်ဆုံးအောင် ရှုဆိုတာဘာပါလိမ့်. . . (သေမင်းဆုံးအောင် ရှုပါဘုရား)၊ သေမင်းဆုံးအောင် ရှုပါလို့ပြောတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

သေမင်းဆုံးအောင် ရှုတော့ သေမင်းတွေမြင်ရသေးရဲ့လား. . . (မမြင်ရပါဘူးဘုရား)၊ ဘယ်နှယ့်ကြောင့် မမြင်ရပါလိမ့် မတုံး အကဲခတ်ကြည့်တော့မှ သေမင်းတမန်တွေ သေသွားလို့. . . (မှန်လှပါဘုရား)၊ ပို့မယ်သူ မရှိတာနဲ့ ဒကာအုန်းရေသေမင်းလည်း မရှိတဲ့နေရာမြင်ရတယ်. . . (မှန်လှပါဘုရား)။

အဲ. . . တစ်သံသရာလုံးခင်ဗျားတို့ သေမင်းမရှိတဲ့ နေရာဘယ်တော့မှ မမြင်ခဲ့ဖူးဘူး. . . (မမြင်ဘူးပါဘုရား)။

## ယနေ့အားထုတ်ပါမြင်ရပါလိမ့်မယ်

ယနေ့ အားထုတ်ပါ (၇)ရက်အတွင်း မြင်ရပါလိမ့်မယ်. . . (မှန်လှပါဘုရား)၊ ယနေ့အားထုတ်ပါ. . . (၇ရက်အတွင်း မြင်ရမှာပါဘုရား)။

အဲ. . . အင်မတန် ညံ့ဖျင်းရင် (၇)နှစ် (၇)လကြိုးစားရလိမ့်မယ်. . . (မှန်လှပါဘုရား)၊ အဲ့ဒီတော့ကိုး ဘုန်းကြီး ပြောတဲ့အတိုင်း စိတ်တွေပေါ်သရွေ့ကိုဖြင့် ဖြစ်ပျက်ရှုပါ. . . (မှန်လှပါဘုရား)။

ဘယ်စိတ်ပေါ်ပေါ် ဖြစ်ပျက်ရှုပါ၊ ပုထုဇဉ် သန္တာန် ပုထုဇဉ်စိတ်ပဲ ပေါ်လိမ့်မယ်ဆိုတာ ဦးဘအုန်း ညည်းဖို့လိုသေးသလား. . . (မလိုပါဘူးဘုရား)။

အဲ့ဒီ ပေါ်လာတဲ့ စိတ်တွေကို ဖြစ်ပျက်၊ ရှုတာက မဂ်၊ သေတာက သေမင်းတမန်. . . (မှန်လှပါဘုရား)၊ ဒုက္ခတွေဆုံးသွားတာက သေမင်းတွေမရှိတာ. . . (မှန်လှပါဘုရား)၊ ဒုက္ခမရှိတာဆိုတာက. . . (သေမင်းတွေမရှိတာပါဘုရား)၊သေမင်းတွေမရှိတာဆိုတာ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

ဒါနဲ့ ဒီဉစ္စာ ဘယ်မှာဟောတဲ့တရားလဲလို့ဒကာကြွယ်က မေးဖို့လိုတယ်နော်. . . (မှန်ပါဘုရား)။

## သိဒ်ိမြတ်စွာဘုရားလက်ထက်တော်

သိဒ္ဓိမြတ်စွာဘုရား လက်ထက်တုန်းက အဘိဘူတို့ သမ္ဘဝတို့ ဆိုတဲ့ရဟန္တာ နှစ်ပါးနဲ့ ဘုရားဖြစ်ပြီး သကာလနေတာ၊ အဘိဘူဆိုတဲ့ရဟန်းကိုဘုရားက ကဲကွာ. . . ဆွမ်းခံစေပါသေးတယ်၊ ဗြဟ္မာ့ပြည်သွားကြဦးစို့ကွဆိုပြီးကွေးတဲ့ လက်ဆန့်သလောက်နဲ့ ရောက်သွားကြတယ်. . . (မှန်လှပါဘုရား)။

အဲ့ဒီ အဘိဘူ တရားဟောဟော့ဆိုတော့ ခုနကသေမင်းတမန်ချေမှုန်းတဲ့တရား ဟောခိုင်းတာပဲ. . . (မှန်လှပါဘုရား)၊ သေမင်းတမန်ချေမှုန်းတဲ့ တရားဟောခိုင်းလိုက်တယ်။

ဟောလိုက်တဲ့ အခါကျတော့ ဗြဟ္မာတွေက ကဲ့ရဲ့ရှာတယ်၊ အို. . . ဘုရားပါရဲ့သားနဲ့ ဘုရားတပည့်သားက လောကွတ်ချော်ပြီး သူကရှေ့သွားများ လုပ်နေလိုက်သေးတယ်. . . (မှန်လှပါဘုရား)။

## ဗြဟ္မာ့ပြည်မှာ “အဘိဘူ” တန်ခိုးပြပေါ

ဒီတင်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟော့ အဘိဘူ ဗြဟ္မာတွေက ကဲ့ရဲ့နေပြီကွ၊ ဘုရားပါလျက်သားနဲ့ ဘုရားရှေ့သွားလုပ်နေတယ်၊ ရှက်စရာကြီး၊ ပြုံစရာကြီးနဲ့ တိုးဟောကွ၊ တိုးဟောကွဆိုတော့ သူက ခန္ဓာကိုယ်တစ်ဝက်ပြပြီးဟော၊ ဝဋ္ဋုန်သဏ္ဌာန်၊ နဂါးသဏ္ဌာန်ပြဟော၊ အမှောင်ထဲကနေ လူမ

မြင်ရဘဲနဲ့ ဟောလိုက်၊ အလင်းထဲကနေပြီးသကာလ ပုဂ္ဂိုလ် မြင်ရပြီးသကာလ ဟောလိုက်။

ဒီလိုချည့် ဟောလိုက်တော့ တိုးဟောလိုက်ကွဆိုတော့ လူ့ပြည်ကတောင်ကြားရတယ်. . . (မှန်လှပါဘုရား)၊ လူ့ပြည် ကတောင်ကြားရတယ်၊ သေမင်းတမန်ချေမှုန်းကြ၊သေမင်းတမန် ချေမှုန်းကြဆိုတဲ့ အသံတွေ လူ့ပြည်ကတောင်ကြားရတယ်. . . (မှန်လှပါဘုရား)။

## ပြဟ္မာတွေ ကျွတ်တမ်းဝင်တယ်

အဲဒီတင်ပြဟ္မာတွေ အကုန် ကျွတ်တမ်းဝင်ပြီးသကာလ ဘုရားနဲ့အဘိဘူနဲ့ဆင်းလာတော့ ခဏလေး ဟောရတာပဲ ဒီ ဆွမ်းခံမီနေတာပဲ. . . (မှန်လှပါဘုရား)၊ ဆွမ်းခံမဝင်ခင်သွား တယ် ဒကာကြွယ် ဆွမ်းခံမှီပြန်လာခဲ့တယ်. . . (မှန်လှပါဘုရား)။

## လူ့ပြည်ကကြားရတယ်

ဒီကျတော့မှဘုရားက မင်းတို့ကြားကြရဲ့လားဟေ့. . . တို့ ပြဟ္မာ့ပြည်ကနေ ဟောတဲ့တရား ကြားကြရဲ့လား၊ ကြားရင် ပြောစမ်းပါကွ ဆိုတော့ အာရုဏ္ဍထနိက္ခမထနဲ့ရနေကြတယ်. . . (မှန်လှပါဘုရား)၊ဘယ်လောက်ထိအောင် အဖိုးတန်တဲ့တရားလဲ ဆိုတာပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

အင်း. . . ဒါဖြင့် ဒီတရားနိဂုံးချုပ်ရတော့မယ် ဒကာ ဒကာမတို့ နာရီက နီးနေလို့. . . (မှန်လှပါဘုရား)။

သေမင်းနဲ့ သေမင်းတမန် ဘယ်ဟာကြောက်ရမှာ တုံး. . . (သေမင်းတမန်ကြောက်ရမှာပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ကစပြီး သေရမှာ ကြောက်တယ်လို့ မဆိုကြပါ နဲ့. . . (မှန်လှပါဘုရား)။

သေမင်းတမန်ဖြစ်တဲ့ တဏှာ၊ ဥပါဒါန်၊ကံ ကြောက်လှ ချည်ရဲ့. . . (မှန်လှပါဘုရား)၊ ဒီကျမှ မှန်တော့တယ်. . . (မှန်လှ ပါဘုရား)။သေရမှာ ဘာမှကြောက်စရာမရှိဘူး. . . (မရှိပါဘူး ဘုရား)၊ သေမယ့်ဆီပို့တဲ့ တဏှာ၊ ဥပါဒါန်၊ ကံကိုသာလျှင်. . . (ကြောက်ရမှာပါဘုရား)။

ဒါဖြင့် ယနေ့ကစပြီး သေရမှာ မကြောက်ဘူး၊ သေမင်း တမန်ကြောက်တယ်ဗျာ. . . (မှန်လှပါဘုရား)၊ သေရမှာမ ကြောက်ဘူး. . . (သေမင်းတမန် ကြောက်ပါတယ်ဘုရား)။

ဟာ. . . ဒါဖြင့် သေမင်းတမန် ချေမှုန်းမှပဲဆိုတော့ ခန္ဓာ ဖြစ်ပျက် ရှုလိုက်တော့ တဏှာ၊ ဥပါဒါန်၊ ကံက သေပွဲဝင်သွား တယ်. . . (မှန်လှပါဘုရား)၊သဘောကျပြီလား. . . (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာသစ်ရေ ဒီ တရားမှာ အင်း. . . တို့ ကြောက်ပုံ ပြင်ဦးမှပဲ ဆိုတဲ့အဓိပ္ပာယ် ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒီတော့ လူတစ်ယောက်ဟာ ခွေးဆိုးတဲ့ ဆီမှာခဲတွေ

လွယ်အိတ်နဲ့ထည့်သွားတယ် ဦးဘအုန်းရေ. . (မှန်လှပါဘုရား)။

ခွေးကလည်း ခဲတွေနဲ့ လာတဲ့သူကို တစ်ခါတည်း ထိုးလိုက်လာတာပဲ. . . (မှန်လှပါဘုရား)၊ခဲတွေနဲ့ ပစ်လိုက်တဲ့အခါကျ တော့ ခွေးက ခဲချည့်ကိုက်တယ်၊ ခဲပစ်တဲ့ လူဆီကို မကိုက်ဘူး. . . (မကိုက်ပါဘူးဘုရား)။

ဒီခွေး ခွေးမိုက်ဆိုမလား၊ ခွေးလိမ္မာဆိုမလား. . . (ခွေးမိုက်ပါဘုရား)၊ ခဲပစ်တဲ့ဆီ ကိုက်လိုက်မယ်ဆိုရင် နောက်ခဲလာစရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ခုတော့ သူက ခဲပဲလိုက်ကိုက်နေလို့ ဒီကခဲတစ်ခု ထပ်ပစ်သူသာဒုက္ခရောက်နေတယ်. . . (မှန်လှပါဘုရား)။

ဒါကြောင့် အကျိုးကိုသာ ကိုက်တတ်တဲ့ခွေး၊ အကြောင်းကိုက်လိုက်ရင်ပြီးသွားမယ် မဟုတ်လား. . . (မှန်လှပါဘုရား)၊နောက်ခဲ လာစရာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

## ခွေးကြောက်၊မကြောက်ကြပါနဲ့

အဲဒီတော့ ခဲပစ်တဲ့သူကို ကြောက်ရမှာ ခဲကြောက်နေတဲ့အတွက် ဒီခွေးဟာ ခွေးမိုက်ဖြစ်ရသလို ခင်ဗျားတို့လည်းသေမင်းသာကြောက်နေတယ်၊ သေမင်းတမန်မကြောက်တဲ့ ခွေးကြောက် ကြောက်နေလို့ "ခွ" ကျနေတာ

ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒီနေ့တော့ ဘယ်လိုပြင်ကြဦးမှ တော်မယ် ဆိုတာကော သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## လူ့ကြောက်၊ကြောက်ကြပါ

ဟာ. . . ဒကာကြွယ် လူကြောက် ကြောက်နော်. . . (မှန်လှပါဘုရား)၊ လူကြောက်ဆိုတော့ သေမင်းနှင့် သေမင်း တမန်ဘယ်ဟာကြောက်ရမှာတုံး. . . (သေမင်းတမန်ကြောက်ရ မှာပါဘုရား)၊အဲ့ဒီကျမှ လူကြောက်ကလေးဖြစ်လာ တယ်. . . (မှန်လှပါဘုရား)။

အမလေး. . . တစ်သက်လုံးကဖြင့် ဒကာအုန်းရေ အပြစ် လည်းမတင်ကြနဲ့ ကြောက်တဲ့ စည်းကမ်းကို မမှန်သေးဘူး. . . (မမှန်သေးပါဘူးဘုရား)။

ကျုပ်တော့ သေရမှာ အကြောက်ဆုံးပဲဗျာ၊ တဏှာ၊ ဥပါဒါန်၊ကံကြောက်တယ်လို့ ဘယ်သူများ ပြောဖူးသ တုံး. . . (မပြောဖူးပါဘူးဘုရား)။

အဲ့ဒီတော့နဂိုတုန်းက ခွေးကြောက် ကြောက်နေတယ် ဆိုတာသေချာတယ်. . . (သေချာပါတယ်ဘုရား)၊ ခွေးမှာလည်း ခွေးလိမ္မာလား၊ ခွေးမိုက်လား. . . (ခွေးမိုက်ပါဘုရား)၊အမလေး ဒကာကြွယ် မနာနဲ့နော်. . . (မနာပါဘူးဘုရား)။

## သေမင်းတမန်သတ်တဲ့နည်း

မနာနဲ့၊တစ်သံသရာလုံးက ဒီထက်ဆိုးနေတယ်. . . (ဆိုးပါတယ်ဘုရား)၊ဒီတစ်ခါ ကြောက်တဲ့ နည်းလမ်းမှန်သွားမယ် ဆိုလို့ရှိရင် သေမင်းတမန်သတ်တဲ့နည်း၊ ခန္ဓာကိုယ်ဖြစ်ပျက်ရှု တော့ မဂ်မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

မဂ်ပေါ်တော့ တဏှာ၊ ဥပါဒါန်၊ ကံ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် သေမင်းတမန်က မပြတ်လား. . . (ပြတ်ပါတယ်ဘုရား)။

အဲ့ဒီ ပြတ်တဲ့အခါကျတော့ ဇာတိ၊ ဇရာ၊ မရဏ သေမင်း သည် စားဝါးပြီး သေရသလား၊ အငတ်ပြဿနာနဲ့ ပျောက်သွား သလား. . . (အငတ်ပြဿနာနဲ့ ပျောက်သွားပါတယ်ဘုရား)။

ဒါဖြင့်ကိုယ့်အတွက်သေမင်းတော့ ကိုယ်စိတ်ချရပြီ. . . (မှန်လှပါဘုရား)၊ သူများအတွက် သေမင်းကတော့ သူများက သေမင်းတမန်သတ်ရင်သူများအတွက် သေမင်းတမန် သေမှာ ပဲ. . . (မှန်လှပါဘုရား)၊ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် သေမင်းတမန်နဲ့ သေမင်း ဘယ်ဟာကြောက် ရမှာလဲ. . . (သေမင်းတမန်ကြောက်ရမှာပါဘုရား)။ သေမင်း တမန် ကြောက်လို့ရှိရင် ဘုရားအဆုံးအမအတိုင်း ဖြစ်ပျက် ရှု. . . (မှန်လှပါဘုရား)။

ဖြစ်ပျက်မုန်းအောင်ရှု. . . (မှန်လှပါဘုရား)၊ ဖြစ်ပျက်ဆုံး

အောင်ရှူ. . . (မှန်လှပါဘုရား)၊ ရှူလို့ရှိရင် သေမင်းတွေ မြင်ရသေးရဲ့လား. . . (မမြင်ရပါဘူးဘုရား)။

မမြင်ရတော့ သေမင်းမရှိတဲ့နိုင်ငံရှိသေးတယ်ဆိုတာ မသိရဘူးလား. . . (သိရပါတယ်ဘုရား)၊အဲ့ဒါ သေမင်းတမန်ကို ချေမှုန်းခြင်းကြောင့် ခရီးပေါက်တယ်လို့ မှတ်လိုက်ပါ. . . (မှန်လှပါဘုရား)။

ကိုင်း. . . ယနေ့ ဒီတွင်တော်ကြဦးဆို့။

သာဓု. . .၊ သာဓု. . .၊ သာဓု။